mgyoe.com
စိတ်ကူးချိုချိုအနုပညာ

# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၁၀



mgyoe.com

# ပီ-မိုးနင်း

## ဝတ္ထုပဒေသာအမှတ်-၁၀

mgyoe.com

စကားလုံးအသုံးအနှုန်း လွယ်လွယ်နှင့် လိုရင်းကို
mgyoe.com
ထိထိမိမိရေးနိုင်သော ကွယ်လွန်သူ ဆရာကြီး ပီ-မိုးနင်း၏
ပြောင်မြောက်သော အရေးအသားကို
ဖတ်ရှု လေ့လာမှတ်သား ခံစားဖွယ်
ဝတ္ထုတိုများအား အတွဲများခွဲ၍ ထုတ်ဝေလာရာ
ယခုအတွဲအမှတ် - ၁၀ - သို့ ရောက်ပါပြီ။
စိတ်ကူးချိုချိုတွင် စုစည်းပြီး ပီမိုးနင်းဝတ္ထုတိုပေါင်း ၁၆၀
ကျော်ရှိနေပြီဖြစ်၍ အတွဲပေါင်း ၁၃ တွဲခန့်ထွက်ရှိလာရန်ရှိပြီး
တစ်စုတည်း သိမ်းဆည်းဖတ်ရှုလိုသူများအတွက်လည်း
မကြာမီ ပီမိုးနင်းဝတ္ထုတိုပေါင်းချုပ်ကြီး ထူထူထဲထဲ
ထွက်ရှိလာတော့မည်ဖြစ်ပါကြောင်း။

ပီမိုးနင်းဝတ္ထုပဒေသာအမှတ်-၁၀

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၃၇၀၅၁ပ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၃၇၀၅၁၀ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို **Ag Kyaw** ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

ဂ၀၀ • ဂ၃
ပီမိုးနင်း
ဝတ္ထုပဒေသာအမှတ် - ၁၀ / ပီမိုးနင်း ။ - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။
စာမျက်နှာ ၂၃၂ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၇.၅ စင်တီ
(၁) ဝတ္ထုပဒေသာအမှတ် - ၁၀
mgyoe.com

mgyoe.com

# မာတိကာ


၁။ အဖေ့ရန်သူ ၁

၂။ ရွှေသားမက် ၂၄

၃။ အာဂ အဘိုးကြီး ၄၁

၄။ မှောက်မှားသူ ၅၈

၅။ ရှုပါရုံ ၈၈

၆။ စိမ်းရက်သူ ၁၀၆

၇။ ဆွေးဗျာထုကြွယ် ၁၃၃

၈။ လင်မယူဘူး ၁၆၉

၉။ ကြုံသေးတယ် ၂၀၄


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အဖေ့ရန်သူ

မြို့ပိုင်အရာရှိလေး မောင်အောင်လှသည် ရှာကိုခရီးမိုင်ဝက်ခန့် ဝေးသောနေရာမှမြင်ရလေရာ တက်ကြွသော မာန်ဖီသောစိတ်နှင့် ကိုယ်ခန္ဓာမှာ မတ်မတ်မားမား တင်းတင်းကြီးထောင်၍ သွားပြီး မြင်းကို ဖနောင့်နှင့် တုတ်ခါ ကြိမ်သွင်း၍ပေးလိုက်လေ၏။

သူကြီးရွှေလုံးတော့ မသေသေးဘူးတဲ့။ သင်းသေရင်လည်း သင်းသား အောင်သာဆက်မှာပဲ။ ငါမြို့ပိုင်မင်း၏ ခြေရင်းကို ဦးခေါင်းနဲ့ဆင်းလာရစေ့မယ်။ ငါ့အဖေကို သင်းတို့ သားအဖ စော်ကားနှိပ်စက်လို့ မတရားလုပ်လို့ အရှက်လည်းကွဲ၊ စီးပွားလည်းပျက်၊ အသက်တောင်သေခဲ့ရသည်။ ငါ့မျက်စိအောက်မှာ ငါ့ဖခင် သူတော်ကောင်းကြီးတစ်ယောက်ကို မတရားသဖြင့်



mgyoe.com

mgyoe.com

အမှုဆင်ပြီး ထိပ်ထဲကိုချသည်။ သင်းတို့အိမ်သားတစ်စုလုံးအပေါ်မှာ ငါဒီကမ္ဘာကုန်တောင် မကြေဘူး။ အထူးအာဏာကို ဖြုတ်မယ်။ ငါ့ကို သင်းတို့သားအဖ ရှိခိုးတောင်းပန်ရစေမယ် စသည်ဖြင့် စဉ်းစားကာ ကျေနပ်လျက်တစ်ကိုယ်တည်းပြုံးလေ၏။

အောင်လှသည် သရက်ကုန်းရွာသားဖြစ်ဖူး၏။ ဖခင်မှာ ရိုးသားဖြောင့်မတ်လျက် မိမိ၏ပန်းပဲအလုပ်၌ ဝီရိယဉာဏ်အသုံးမှန်သဖြင့် သိမ်ငယ်သောပန်းပဲအလုပ်ကိုပင် ဂုဏ်ကျက်သရေတိုးစေလျက်ကြီးကျယ်သောအလုပ်အဖြစ်သို့ မြှင့်တင်ခဲ့လေရာ ထိုရပ်နယ်တစ်ခွင် တစ်ပြင်မှာ ၎င်း၏ဓား ၎င်း၏တံစဉ်ကိုသုံးကြသဖြင့် ဂုဏ်အသရေရှိ လူချမ်းသာတစ်ယောက်ဖြစ်ခဲ့လေ၏။

သို့ပင်ချမ်းသာသော်လည်း ကိုယ်တိုင် တပည့်မလွှဲဘဲ အလုပ်ကိုဆက်လက်၍ လုပ်လေ၏။ ထိုအခါ အောင်လှမှာ ကလေးသူငယ် လူမမယ်မျှဖြစ်ခဲ့လေ၏။ သို့သော်လည်း မိမိ၏ဖခင် သူကြီးရွှေလုံး၏အိမ်၌ အဘယ်ပုံခံခဲ့ရသည်များကိုလည်းကောင်း၊ သူကြီးရွှေလုံး မကောင်းကြံသဖြင့် ဆင်းရဲဒုက္ခရောက်ခဲ့ခြင်းများကိုလည်းကောင်း လတ်ဆတ်ထင်ရှားစွာ မြင်ရလေရာကလဲ့စားချေရန် အကောင်းဆုံးသောနည်းကို တွေးကြံရင်း တစ်ကိုယ်တည်းကျေနပ်၍ နေလေ၏။

ဖြစ်ပျက်ပုံမှာ ထိုရွာသို့ မြို့အုပ်တစ်ယောက်လာရောက်ရာ ၎င်းရွာမှအခြားရွာသို့ ညဉ့်အချိန်တွင် လှည်းနှင့်လိုက်၍ပို့ရမည်ဟူသောအမိန့်ကိုသူကြီးထံမှ ရရှိလေ၏။ ထိုအခါ ပန်းပဲဆရာကြီးက နဂိုရှိရင်းမာနနှင့် ငြင်းပယ်ကာ မိမိ၏အလုပ်ကိုသာ လုပ်၍နေလေ၏။

ထိုအခါ သူကြီးက ၎င်းအား အိမ်သို့လာရန် ခေါ်လေ၏။ သို့ခေါ်သောအခါ၌လည်း ပန်းပဲဆရာကြီးက ငါ့မှာ အဘယ်အပြစ်မှမရှိ။ မင်းရမ်းကား၊ မင်းတုစိုးမြှောင်တို့၏ ဈော်ကားမော်ကားလုပ်ခြင်းမှ လွတ်ရလေအောင်မင်းပြစ်မင်းဒဏ်မကင်းသည့် အရာဟူသမျှကို ရှောင်ခဲ့၏။ ငါအဘယ်အတွက် သွားရမှာတုံးဟု တွေးကာ မသွားဘဲ နေလေ၏။

သို့ဖြစ်လေရာ နောက်လပေါင်းများမကြာမီ ပန်းပဲဆရာကြီးအပေါ်

mgyoe.com

mgyoe.com


၌ ဒင်္ဂါးပုံလုပ်သည်ဟု စွပ်စွဲကာ သူကြီးသည် သူတော်ကောင်းကြီးတစ်ယောက် ထိပ်ထဲသို့ ချုံ့မက ပရိသတ်အလယ်၌ လက်ထိပ်ခတ်ကာ မြို့သို့ရိုက်နှက် ကန်ကျောက်၍ ပို့လေ၏။ ထိုအမှုနှင့်ပတ်သက်၍ ပန်းပဲဆရာကြီးမှာ ငွေ ကြေးကုန်ကျ လူမွဲတစ်ယောက်အဖြစ်သို့ ရောက်ပြီးမှ ကံကောင်းထောက်မ သဖြင့် အပြစ်မခံရဘဲ ရုံးမှလွတ်ခဲ့လေ၏။

ထိုအခါ သားအဖနှစ်ယောက် ဆိုးဝါးသောရပ်ကွက်ကို စိတ်နာ လျက် စွန့်ခွာ၍ ထွက်ခဲ့ကြရာ ရန်ကုန်မြို့သို့ ရောက်ခဲ့ကြလေ၏။ ရန်ကုန်မြို့၌ အောင်လှသည် မခံချင်သောစိတ်နှင့် ပညာကို ကြိုးစား၍သင်ခဲ့ရာ ယခုအခါ မြို့ပိုင်ရာထူးနှင့် ဖွားရာဇာတိချက်မြေသို့ ကလဲ့စားချေရန် ရောက်ရှိလာခြင်း ဖြစ်လေ၏။ ထိုရပ်ရွာ၌ မြို့ပိုင်အဖြစ်နှင့် ရောက်နိုင်ဖို့ရန် အောင်လှမှာ အများ ကြီး ကြိုးစားရလေ၏။

ကျေးဇူးရှင်ဖခင်ကြီးမှာကား ရန်ကုန်မြို့ခြေတွင် သိတင်းသီလ ဆောက်တည်ကာ အများအားဖြင့် ရွှေတိဂုံဘုရားဇရပ်တစ်ခုမှာ ပုတီးနှင့်နေ ရှာလေတော့သည်။

သို့ ကလဲ့စားချေရန် အကြံနှင့် စိတ်အားထက်သန်စွာ သွားရာတွင် သူကြီး သမီးဖြစ်သူ မိမိနှင့်ကစားဘက် စိန်ဖြူကို သတိရလေ၏။ ဖခင်မှာ ဒုက္ခရောက်၍ ပျက်စီးခြင်းမဖြစ်မီ ၎င်းတို့နှစ်ယောက်မှာ သူကြီးအိမ်နောက် ဖေး၌ အမြဲလိုလို အတူတကွကစားခဲ့ကြလေ၏။ ဆင်းရဲဒုက္ခဖြစ်၍ တစ်ရပ် တစ်နယ်သို့ ပြောင်းရွှေ့ပြီးသည့်အခါမှ ယခုသို့တိုင် တစ်ကြိမ်မျှ မတွေ့မကြုံခဲ့ ရချေ။ စိန်ဖြူရှိပါသေးရဲ့လား။ ရှိရင်လည်း လင်တွေ ဘာတွေရနေမှာပဲ။ မရလို့ အပျိုလုပ်နေပြန်ရင်လည်း ငါနဲ့တော့ ဘာမှမဆိုင်ပါဘူး။ သင်းလည်း သင်းအဖေလို ယုတ်မာမှာပဲဟူ၍ တွေးကာ ထင်မြင်သော ကလေးမျက်နှာ ကလေးကိုပင် ဖျောက်ဖျက်၍ ပစ်လိုက်လေ၏။

ရွာကိုရောက်သောအခါ ငယ်စဉ်အခါက မြင်ခဲ့ရသော မျက်နှာများ ကို တွေ့မြင်ရလေ၏။ သို့သော်လည်း မိမိကိုမည်သူမျှ မှတ်မိဟန် မရှိကြ ပေ။ အချို့သော မိမိနှင့်အသက်အရွယ်တူသူများနှင့် အနည်းငယ် မိမိထက်

mgyoe.com

mgyoe.com


ပို၍ကြီးသူများမှာမူကား ၎င်းကိုမှတ်မိသလို အမူအရာနှင့် အကဲခတ်ကြလေ၏။ အောင်လှသည်ကား မိမိထက်ကြီးသူတို့ကို ကောင်းစွာမှတ်မိ၏။ သို့သော်လည်း နှုတ်ဆက်မေးမြန်းခြင်းမပြုချေ။ သို့ နှုတ်ဆက်ခြင်းမပြုသည်မှာ အခြားကြောင့်မဟုတ်။ မိမိမှာ သားနားစွာလာသူဖြစ်သောကြောင့်တည်း။

သားနားစွာ လာခြင်းကြောင့် မိမိသိကျွမ်းဖူးသော မိမိထက်ကြီးသူတို့ကို အမှတ်မပြု နှုတ်မဆက်နေခြင်းကို အပြစ်ဆိုဖို့ မရှိပေ။ ၎င်း၏စိတ်၌ စွဲမှတ်၍ထားသော အယူတစ်ခုရှိ၏။ ထိုအယူသည်ကား အခြားမဟုတ်။ လမ်း၌ မိမိကစ၍ နှုတ်ဆက်ခြင်းသည် အောက်ကျသော စိတ်ကိုပြသည်။ သို့မဟုတ်လျှင် မော်ကြွားချင်သောကြောင့် စ၍ နှုတ်ဆက်သည်ဟူသော အယူဖြစ်၏။

ဤအယူနှစ်ခုအနက် ပထမအယူမှာ မှန်သောအခါမှန်၏။ မမှန်သော အခါများလည်း ရှိတတ်လေသည်။ ဒုတိယအယူမှာကား ဆင်းရဲရာမှ ကြီးပွား၍လာသူတို့သည် မိမိတို့နှင့်တန်းတူ ဆင်းရဲခဲ့သူတို့ကို စ၍နှုတ်ဆက်သည့်အခါ ကြွားချင် ပြချင် မိမိအခြေအနေတိုးတက်ကြီးမြင့်ခြင်းကို ပြလိုသောစိတ်သည် ရိုးသားခင်မင်သော စိတ်ထက်ပိုမိုနိုင်လေသည်။ အကြောင်းမူကား မော်တော်ကားစီး၍ လာသော လူမွဲတစ်ယောက်သည် ခြေကျင်လာသော မိမိ၏အသိလူဆင်းရဲများကို လမ်း၌တွေ့သည့်အခါ ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်ချင်သော စိတ်မျိုးနှင့် ရှိတတ်လေသည်။

သို့ဖြစ်သောကြောင့် အောင်လှသည် ရွာ၌ သိသူကိုလည်းကောင်း၊ မသိသူကိုလည်းကောင်း နှုတ်ဆက်ခြင်းမပြုဘဲ သွားလေ၏။ သို့ဖြစ်သောကြောင့် ဒိဋ္ဌအမှန် အောင်လှမှန်း သိသူတစ်ယောက်က ဟိုအကောင် အောင်လှပါကွယ်။ အစစ်ပါပဲ။ သူတို့သားအဖ ရန်ကုန်ကိုပြေးကြပြီး အခုဘာဖြစ်လာသလဲ မသိဘူး။ ရာထူးကလေးဘာလေးရလာ ထင်ပါရဲ့။ ငါတို့ကိုတောင် အသိမလုပ်ဘူးဟု ပြောလေ၏။

တစ်ယောက်က မြို့ပိုင်ဖြစ်လာတယ်ကွယ့်။ မြို့ပိုင်ဦးအောင်လှလို့

mgyoe.com

mgyoe.com


ပြောတာပဲ။ ငါတို့ အောင်လှကလေးကို ငါသွားပြီး မတွေ့မိဘူး။ အခုမင်းပြော မှ သတိရတာပဲ။ အေး .. ဟုတ်တယ်ဟေ့။ သင်းပဲ။ ငယ်ရုပ်မပျောက်ဘူး ကွယ့်။ ဒီအကောင် အလုပ်တာဝန်နဲ့လာဟန် မရှိဘူး။ တစ်ယောက်တည်း အလည်လာတာနဲ့ တူတယ်ဟု တစ်ယောက်က ပြောလေ၏။

ရွာထဲ၌ မကြာမီ အောင်လှကလေး မြို့ပိုင်ဖြစ်လာသည်ဟူသော သတင်း ပျံ့နှံ့၍ သွားလေ၏။

အောင်လှသည် အိမ်တစ်အိမ်၏ရှေ့၌ မြင်းပေါ်မှဆင်းပြီး မြင်းကို ခေတ္တအပ်ခဲ့ပြီး တစ်ကိုယ်တည်းရွာတန်းရှည်လမ်းမကို လျှောက်၍သွားလေ ၏။

ထိုရွာမှာ သားနားသောသူတစ်ယောက်လာလျှင် သူ့ထက်ငါ ကြည့် တတ်သော အလေ့ရှိ၏။

အောင်လှသည်ကား ဂရုမစိုက်ဘဲ သွားလေ၏။ သိသူများကို မိမိကစ၍ နှုတ်ဆက်ခြင်းမပြု။ အခြားသိသူများကလည်း ရဲတင်းစွာ နှုတ် ဆက်ခြင်း မပြုကြ။ ဟုတ်မှ ဟုတ်ပါ့မလားဟူ၍ တွေးတောလျက်နေကြဟန် ရှိလေ၏။

ရွာမှာ များစွာပြောင်းလဲ၍ နေလေ၏။ မိမိမသိသော မျက်နှာအ သစ်တွေက သိသောမျက်နှာဟောင်းများထက် ပို၍များလေ၏။

မိမိတို့ သားအဖနေခဲ့သော အိမ်နေရာမှာ အခြားတဲကလေးတစ်ခု ကို တွေ့ရလေ၏။ ပန်းပဲထုသော မန်ကျည်းပင်မှာ အရွက်တွေ စိမ်းဝေလျက် ရှိလေ၏။

ထိုနေရာကို တစ်အောင့်ကလေးမျှ ကြည့်ပြီး ဝင်၍သွားလေ၏။ ရေ တစ်ခွက် တောင်း၍ သောက်လေ၏။

အလွန်လှပသော မိန်းမပျိုတစ်ယောက် ရေကို နှီးခွက်နှင့်လာ၍ ပေးရာ အောင်လှ၏လက်နှင့် ၎င်း၏လက်ထိမိလေလျှင် တစ်ယောက်မျက်နှာ ကို တစ်ယောက်ကြည့်ကြလေ၏။ သို့ကြည့်ရာ၌ မိန်းမပျိုသည် စဉ်းစားသလို ဖြစ်၍နေလေ၏။ ထို့နောက် မျက်နှာမှာ လျင်မြန်စွာပြောင်းလဲပြီး ဝမ်းနည်း

mgyoe.com

mgyoe.com


သလိုဖြစ်ပြီးမှ တစ်ဖန်လျက် ကွမ်းဆေးများ တည်ပြီး ခပ်လှမ်းလှမ်း ဝါးခင်းသော ကြမ်းပေါ်၌ ခြေရင်းဘက်နားမှာ ပဆစ်တုပ်၍ ထိုင်လေ၏။

အိမ်ကလေးမှာ ထရံကာထားသည့်အိမ် ဖြစ်လေ၏။ အောက်ဆင့်မှ အပေါ်ဆင့် အိမ်ခန်းနှင့် ရေသောက်သော အဆောင်ကိုတက်ရန် တိုသော လှေကားရှိလေ၏။ အောက်ဆင့်၏ရှေ့၌ အမိုးတံစက်မြိတ်နှင့် ဆက်၍နေသော ဘူးစင်တစ်ခုရှိလေ၏။ ဘူးစင်အောက်၌ ဆေးလိပ်၊ စီးကရက်၊ လက်ဖက်၊ ချင်းသုပ်၊ မုန့်ပဲသရေစာရောင်းသော ဆိုင်ခုံကလေးကတစ်ခု၊ ၎င်းဆိုင်ကလေးနှင့် ယှဉ်လျက် ဆေးပြင်းလိပ် လိပ်သောခုံနှင့် ဆေးလုံး၊ ထပ်တဘက်ဆေးစာများကို မြင်ရလေ၏။

အိမ်မှာ သိမ်ငယ်သန့်ရှင်းလျက် စိတ်ကူးယဉ်သော မိန်းမ၏ လက်ရာ အထိမ်းအမှတ်တို့ကို ဘုရားစင်၌လည်းကောင်း၊ အပေါ်ဆင့်ခန်းစီး၌လည်းကောင်း၊ စပါးပင်နှနှက်လေးတွေ စိမ်းစိုလျက်နေသော သောက်ရေအိုးစင်၌လည်းကောင်း၊ အပ်ချုပ်စက်၌လည်းကောင်း တွေ့ရှိနိုင်လေ၏။

"သူကြီး ဦးရွှေလုံးတို့ ရှိပါသေးရဲ့လား"ဟု အောင်လှက စ၍မေးလေ၏။

မိန်းမပျိုမှာ ထိုမေးခွန်းကို ကြားရသောအခါ မျက်နှာပျက်၍သွားလေ၏။

"သူကြီးဦးရွှေလုံးတော့ မရှိပါဘူး။ အခုသူကြီးက တစ်ယောက်ပါ။ မောင်ကြီးက ဘယ်မြို့ကပါလဲ".

"ရန်ကုန်မြို့က လာပါတယ်။ အရင်က ဒီရွာသားပါပဲ"

"ဩော် ..ကျွန်မတစ်ခါမှ မမြင်စဖူးမို့၊ ရန်ကုန်ကို သွားတာ ဘယ်လောက်ကြာပလဲ"

"ကျုပ်ငယ်ငယ်လေး ဆယ်နှစ်သားကျော်ကျော်လောက်က သွားပါတယ်။ ဒီနေရာဟာ ကျုပ်တို့သားအဖနေတဲ့နေရာပေါ့။ ဟိုမန်ကျည်းပင်အောက်မှာ ပန်းပဲထုတဲ့နေရာပါပဲ။ ကိုယ့် ဇာတိချက်မြှုပ်နေရာကိုရောက်တော့လည် တစ်မျိုးဖြစ်တာပဲ"

mgyoe.com

mgyoe.com


မိန်းမပျို၏ မျက်နှာမှာ နီမြန်းလျက် မျက်လုံးများမှာ မှိုင်းဝေဝေ ဖြစ်သည်ဟု အောင်လှ၏စိတ်မှာ မှတ်ထင်မိလေ၏။ အတန်ငယ်ကြာစွာ မိန်းမပျိုသည် စကားမပြောဘဲ နေလေ၏။ စဉ်းစားသည့် လက္ခဏာအမူ အရာမှာ အတော်ပင်သိသာလေ၏။

"ဟုတ်ကဲ့။ ဒီနေရာမှာ ပန်းပဲဆရာကြီးတစ်ယောက် နေဖူးတယ်လို့ ပြောကြတာကို ကျွန်မကြားဖူးပါတယ်။ ရှင်တို့ပဲကိုး။ အခု ရန်ကုန်မြို့မှာ ဘာအလုပ်အကိုင်များ လုပ်ပါသလဲ"

"အခုတော့ မြို့ပိုင်အလုပ်နဲ့ ဒီနယ်ကို ရောက်လာပါတယ်။ ကိုယ့်ရပ် ကိုယ့်ရွာရောက်တော့ ဘယ်လိုများ ဖြစ်နေသလဲဆိုတာ သိချင်တာနဲ့ ချက်ချင်းလာခဲ့တာပါပဲ"

"မြင်တဲ့ အတိုင်းပဲရှင့်။ ရေးကနဲ့တော့ ဘယ်တူမှာလဲ။ ရွာလည်း ပျက်နေပါပြီ။ အရင်ရှိခဲ့တဲ့ လူကြီးလူကောင်းများလည်း တစ်ယောက်မျှ မရှိ တော့ပါဘူး။ တခြားအရပ်က ပြောင်းလာတာတွေနဲ့၊ နောက်ပွားနောက် ပေါက် အနည်းငယ်ရှိတော့တာပါပဲ။ တချို့လည်း ရှင်တို့လို တစ်ရပ်တစ်ရွာ ရောက်ကုန်ကြ။ တချို့လည်း သေကြပျောက်ကြတာနဲ့ ရွာဟာ ခြောက်နေ တာပဲ"

"မင်းတို့ကကော ဒီအရပ်ဌာနေပဲလား"

မိန်းမပျိုသည် ခေါင်းငုံ့လျက် ပြန်၍ပြောရမှာခက်သလိုလို ရှက် သလိုလိုဖြစ်၍ နေပြီးမှ "ကျွန်မတို့က အထက်ကပြောင်းလာတာပါ"

"မိဘရှိသလား"

"အဖေနဲ့ မောင်တစ်ယောက်ရှိတယ်။ မောင်က အိမ်ထောင်နဲ့ တခြား မှာနေပါတယ်။ ဒီမှာတော့ သားအဖနှစ်ယောက်ပါပဲ။ အဖေကအသက်ကြီး တော့ ကျွန်မက ဆေးလိပ်ကလေး၊ ဈေးကလေးရောင်းပြီး အဖေအိုကြီးကို ပြုစုနေတာပါပဲ"

"သာဓုဗျာ၊ သာဓု။ အဖေအိုကိုလုပ်ကျွေးနေရတယ်ဆိုတော့ အိမ် ထောင် မပြုသေးဘူးပေါ့"

mgyoe.com

mgyoe.com


"ဒီအဖေအိုနဲ့ နေရသမျှ ကျွန်မမှာ အိမ်ထောင်ပြုဖို့ ဝေးပါတယ်။ ရှေးကကောင်းစားဖူးပြီး ယခုမှ ဆင်းရဲတော့ စည်းစိမ်ဥစ္စာက စွန့်သွားပေမယ့် မာနကမစွန့်တဲ့ဘူးရှင့်။ သည်အတွက် ဒီသမီး ကျွေးတာကလွဲလို့ ဘယ်သူ့လုပ်စာကိုမျှ စားချင်စိတ်မရှိဘူးရှင့်။ အစ်ကိုတစ်ယောက်ရှိသော်လည်း သူ့မှာ မပြည့်စုံတဲ့အပြင် သူစိမ်းချွေးမက ရှိနေပြန်တော့ မျိုမကျဘူးရှင့်။ ဖေဖေ့ကို အငတ်မထားပါနဲ့ သမီးရယ်။ သမီးကျွေးတဲ့ အစာကလွဲလို့ ဖေဖေ ဘယ်သူ့ကျွေးစာမွေးစာကိုမျှ မျိုမကျနိုင်ဘူးဆိုတာ မကြာမကြာ ပြောတာပဲ။ သည်အတွက် ဒီအဖေအိုကိုငဲ့ပြီး ကျွန်မလည်း ဆင်းရဲခံနေရတာပဲ"

"ကုသိုလ်ပေါ့လေ။ သို့သော်လည်း အချိန်အရွယ်ကောင်းတုန်းမှာ မိမိကိုယ်ကိုနေရာတကျဖြစ်အောင် မလုပ်ရတာကလေးတစ်ခုအတွက် အင်း..." ဟုပြောပြီး မိန်းမပျို၏ မျက်နှာကို အကဲခတ်ကြည့်လေ၏။

မိန်းမပျိုသည် ရှက်ကိုးရှက်ကန်းအမူအရာနှင့် ခေါင်းငုံ့ကာ ဖျာစကလေးတစ်ခုကို ချိုးရင်း "ကျွန်မအတွက် ဘာမျှမပူပါဘူး။ အခုလိုနေရတာဟာ ဆင်းရဲပေမယ့် စိတ်မှာတော့ သည်လောက်မဆင်းရဲပါဘူး"

"မဆင်းရဲဘူးပြောသော်လည်း နည်းနည်းတော့ တစ်ခုခုလိုနေသလို ဖြစ်မှာပဲ။ မစုံမလင်ဖြစ်နေတာပေါ့"

"အမယ်လေး။ မစုံမလင်တာဘဲ ကောင်းပါတယ်။ အခုကာလမှာ မြင်ရလွန်းလို့ပါ။ ကျွန်မတို့ချမ်းသာတုန်းက ဘယ်လို၊ အခုဆင်းရဲမှ ဘယ်လိုဆိုတာ သိရတာနဲ့ ကြောက်လှပါပြီ။ အခုကာလမှာ ဆင်းရဲတဲ့မိန်းကလေးဆိုရင် ဖျက်ဆီးချင်သူများတာပါ။ သည့်အတွက် လူမျိုးကွဲများလက်ရောက်ကြတာတွေ များတာပဲ"

"အမယ်လေး လူမျိုးကွဲများဖြင့် မလုပ်လိုက်ပါနဲ့ဗျာ"

"ရောက်ကြတဲ့ အမျိုးသမီးကလေးတွေ ရှိကြောင်းပြောတာပါ။ ကျွန်မတို့ဘော့ ဒီတစ်သက်မှာ ဘာကိုမှလည်းစိတ်မကူးမိပါဘူး။ ထမင်းတစ်လုတ်နဲ့ ဝတ်ဖို့ စားဖို့နေထိုင်ဖို့မှာ ယောက်ျားယူမှ မဟုတ်ပါဘူး။ လုပ်ကျွေးမယ့်လူမရှိလို့ ဆင်းရဲသည်အတွက် ယောက်ျားယူရတယ်ဆိုတာ ကျွန်မဖြင့်

mgyoe.com

mgyoe.com


မယုံပါဘူး။ တချို့မိန်းမတွေလုပ်ကျွေးမယ့်လူကိုရှာပြီး တစ်သက်လုံး သူတို့က လုပ်ကျွေးရလို့ သေသာသေရော ခေါင်းပေါ်ကဈေးတောင်းမချရဘူး"

"အင်း ..ဒါလည်း ဖူးစာဘက်မတွေ့သေးခိုက်မှာ ပြောနိုင်တာပေါ့လေ။ တွေ့လာတဲ့တစ်နေ့ကျတော့မှ ကွင်းဖို့ရန် အခက်သားပါကလားဆိုတာ သိရမှာပဲ"

"ကျွန်မမှာတော့ တွေ့မယ်မထင်ပါဘူး။ ကျွန်မစိတ်က ပိုင်းဖြတ်ပြီးသားပါ"

မိန်းမပျိုသည် ထိုစကားကိုပြောသော်လည်း အောင်လှ၏စိတ်၌ တစ်စုံတစ်ရာကို သိသာသည်ဟု မှတ်ထင်လေ၏။

ထိုကဲ့သို့ စိတ်ထင်ခြင်းမှာ မိမိကိုယ်တိုင်၏စိတ်နှင့် နှိုင်းခြင်းတစ်မျိုးပင် ဖြစ်လေ၏။ အကြောင်းမူကား သူကြီး ရွှေလုံးနှင့် ပတ်သက်သမျှ။ သားမြေးဖြစ်စေ ကလဲ့စားချေရန် မုန်းစိတ်ကိုတင်း၍ လာသူမှာ အချစ်နှင့်တွေ့လျက် ကလဲ့စားချေခြင်းတည်းဟူသော မူလကြံရွယ်ချက်မှာ ပျောက်ကွယ်၍ နေလေတော့သတည်း။

"ဒါထက် သူကြီးဦးရွှေလုံး ဘယ်ကိုရောက်နေသလဲ၊ သေသလား"

"မသေသေးဘူးလို့ ကြားရတာပဲ။ တခြားကို ပြောင်းသွားရတယ်လို့ ပြောကြတာပဲ"

"ဘယ်ကိုပြောင်းသလဲ"

"အရင်တော့ အထက်ကိုပြောင်းတာပဲ။ သူကြီးအခုတော့ အထက်မှာ မရှိတော့ဘူးလို့ ကြားရပါတယ်"

"နို့ သူ့သားရော"

"သူ့သားလည်း တခြားမှာ နေပါတယ်"

"အိမ်ကို ဓားပြတိုက်ပြီး အခွန်တော်ငွေရော၊ သေနတ်များရော ပါသွားလို့ အစိုးရက မသင်္ကာဖြစ်ပြီး ဖြုတ်ပစ်လိုက်ပါတယ်။ ကျွန်မတို့ သိသလောက်ဖြင့် လီဆယ်တာ မဟုတ်ရှာပါဘူး။ တကယ် ဓားပြများတိုက်တာ သိရပါတယ်"

mgyoe.com

mgyoe.com


အောင်လှမှာ ထိုသတင်းကိုကြားရသောအခါ ကျေနပ်သလိုဖြစ်၍ သွားလေ၏။ သို့သော်လည်း လုံးလုံးကြီး မကျေသေးချေ။ မိမိကို နိုင်ဖူးသောရန်သူတစ်ယောက် ပျက်စီးဒုက္ခရောက်သွားသည်ဟူသော သတင်းသည် ပုထုဇဉ်ဟူသမျှတို့၏စိတ်၌ နှစ်မြို့ခြင်းကို ဖြစ်စေတတ်သည်ကား ဓမ္မတာတစ်မျိုးဖြစ်လေသည်။

အောင်လှမှာ ပုထုဇဉ်မျှဖြစ်၏။ မိမိဖခင် အလွန်ရိုးဖြောင့်လျက် သစ္စာသမာဓိ ဂုဏ်၊ အသရေနှင့်ပြည့်စုံသော ဖခင်သူတော်ကောင်းကြီးတစ်ယောက် ဖြစ်သော၊ ဖခင်ပန်းပဲလုပ်ရာ၌ ကြီးမားသော သံတုံးသံခဲကြီးများကို တူတစ်လက်၊ ညှပ်တစ်လက်မျှနှင့် ကြေအောင်ပြားအောင်ထုနိုင်၍ သံကို တံစဉ်ဖြစ်အောင် လုပ်နိုင်သော၊ ဘုန်းတန်ခိုးသတ္တိနှင့် အထူးပြည့်စုံသော ဖခင်ကြီးတစ်ယောက်လုံးကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပရိသတ်လူထုလူဝေးအလယ်၌ ထိပ်တုံးထဲကိုသွင်းသောသူတို့အပေါ်၌ တွေးသမျှအခါတိုင်း ပြေပျောက်ခြင်းဖြစ်ဖို့ရန် လွန်စွာ ခက်လေ၏။

ငယ်ရွယ်သူ ကလေးတို့သည် စွမ်းရည်သတ္တိနှင့်ပြည့်စုံသော မိမိတို့၏ ဖခင်ကို တန်ခိုးအကြီးဆုံးသော ဘုရင်မင်းမြတ်များထက် တန်ခိုးကြီးသည်ဟု မှတ်ထင်မြဲဖြစ်ကြလေ၏။

သို့ ငယ်စဉ်အခါ၌ မိမိတို့၏စိတ်မှာ ထိုမျှလောက်ဘုန်းတန်ခိုးကြီးသည်ဟူသော ဖခင်တစ်ယောက်အပေါ်၌ အခြားသူများစော်ကား မော်ကားပြုသည်ကို ခံနိုင်သော စိတ်သည် သံမဲစွာစွဲသော ရန်ငြိုးကိုဖြစ်စေနိုင်လေ၏။

သို့ဖြစ်လေရာ ယခုကြားရသည့်အတိုင်း ဆင်းရဲဒုက္ခဖြစ်၍နေသည်ကို မြင်ရပြီးနောက် စကားတစ်လုံးမျှထပ်လောင်း ဖြည့်စွက်ကာ လဲသူအား အနည်းဆုံးအားဖြင့် စကားတစ်လုံးမျှနှင့် ထောင်းထုနှိပ်စက်လိုသောစိတ်သည် နှိပ်နင်း၍မရနိုင်အောင် တက်ကြွ၍နေလေ၏။

ငါတွေ့အောင် ကြံမည်။ ဘယ်ရပ်ဘယ်ရွာကို ပြောင်းစေကာမူ လိုက်မည်။ မျက်နှာကို ပြောင်ပြောင်ကြည့်ကာ ထိပ်ထဲအချုခံရသူ၏ သားဖြစ်ကြောင်းကို ပြော၍ပြမည်ဟူသောစိတ်ကို တင်းလျက် စကားမပြောဘဲ ဆိတ်

mgyoe.com

mgyee.com

ငြိမ်စွာ စက္ကန့်အနည်းငယ် စဉ်းစား၍နေလေ၏။

"ဘာကိစ္စရှိလို့လဲ" ဟု မိန်းမပျိုက မေးပြန်၏။

"ကိစ္စမရှိပါဘူး။ သိဖူးတဲ့လူဟောင်းကြီးများ ရှိကြသေးသလားလို့ အင်း ...တွေ့လည်းတွေ့ချင်တာပေါ့။ အခုအနေများ တွေ့ရရင် ...."

အောင်လှသည် ကျေနပ်စွာ အိမ်ရှေ့ကိုကြည့်လျက် နှုတ်ခမ်းကိုက်ကာ စဉ်းစား၍နေလေ၏။

မိန်းမပျိုမှာလည်း စဉ်းစား၍နေလေ၏။ မျက်နှာမှာ ဝမ်းနည်းသော အသွင်၊ အမူအရာပေါ်၍ လာလေ၏။

"ဒါထက် စေ့စေ့တွေး ရေးရေးပေါ်ဆိုတာလို အဲဒီသူကြီးမှာ စိန်ဖြူဆိုလား၊ သမီးတစ်ယောက်ရှိတယ်။ ရှိရင်အခုတော်တော်ကြီးရော့မယ်။ ငယ်ငယ်ကတော့ ကစားဘက် အင်မတန်ခင်ပါတယ်။ နောက်လူကြီးချင်းကိစ္စနဲ့ ပတ်သက်ပြီး ကလေးချင်းပါ ကွဲကြတာပါပဲ။ ဒီလို သူငယ်မကလေး ရှိသေးရဲ့လား"

မိန်းမပျိုသည် ပြုံးစနဲ့လုပ်ကာနေလေ၏။ အောင်လှကလည်း အကဲခတ်သလို ကြည့်၍နေလေ၏။

"ရှိပါသေးတယ် ထင်ပါရဲ့။ ပြောင်းသွားကြတာ အဲတော်ကြာမှကိုးရှင့်။ အခုတော့ ဘာသတင်းမှ မကြားရဘူး။ ရိုးရိုးကစားဘက်ပဲလား"

"ရိုးရိုးပါပဲ။ ရိုးရိုးပါပဲ။ ဟိုတစ်ခါက ဘာမျှနားမလည်သေးတဲ့အခါပါ။ မဆန်းပါဘူး"

"အင်း ...ဒါတော့လေ၊ မပြောတတ်ပါဘူး။ အခုလည်း ဆန်းမယ်မထင်ပါဘူး။ ငယ်ငယ်က ပုံအတိုင်းဆိုရင်တော့ ဆန်းဖို့လည်း မရှိပါဘူး"

ထိုကဲ့သို့ပြောပြီး မိန်းမပျိုသည် ထိုင်ရာမှထ၍ အိမ်တစ်ဖက်စွန်းရှိသောက်ရေအိုးစင်ကိုသွားလေရာ အောင်လှသည် နောက်မှနေ၍ကြည့်လေလျှင် အလွန်တရာပြေပြစ်သိမ်မွေ့၊ တောင့်တင်းကြော့ရှင်းသော ရုပ်ပါရုံ၏ ယဉ်ကျေးလှပ ပြည့်ဝခြင်းကို မြိန်ရှက်စွာ ကြည့်မိလေရာ ဆေးမိသောသူ၏ အလား ထိုတဲအိမ်ကလေးမှ ထမသွားနိုင်သကဲ့သို့ဖြစ်၍ လာလေ၏။ သိမ်

mgyee.com

mgyoe.com

ငယ်သော အိမ်ကလေးမှာ အောင်လှ၏ စိတ်ထဲ၌ အသာယာဆုံး၊ကျက်သရေ အရှိဆုံးသော အိမ်ဟု မှတ်ထင်မိလေ၏။

မိန်းမပျိုသည် သောက်ရေအိုးမှာ ရေသောက်ပြီး နေရာသို့ပြန်၍ မလာဘဲ အိမ်ရှေ့ဆေးပြင်းလိပ် လိပ်သော ခုံရှိရာသို့ ဆင်း၍သွားလေ၏။ ကျွန်မဆေးလိပ်ကလေး အရင်လိုနေလို့ဟု မပြုံးချင်၊ ပြုံးချင်ပြောပြီး ခေါင်းငုံ့ကာ လိပ်၍နေလေ၏။

အောင်လှ၏ မျက်နှာမှာ အံ့အားသင့်သော အသွင်ပေါ်ပေါက်၍ လာလေ၏။

ဘယ့်နှယ့်ဟာပါလိမ့်မလဲ၊ ယတိပြတ်ထသွား။ ငါ့ကိုစကား ဆက်မပြောချင်လို့ထင်ပါကလားလို့ တွေးတောလေ၏။

ကျေးလက်ရွာငယ်အရပ်များ၌ ဂုဏ်သရေရှိ၊ အရာရှိ၊ အရာထူးများ အပေါ်၌ ထိုကဲ့သို့ သိမ်ငယ်သော ဆင်းရဲသူကလေးများသည် အများအားဖြင့် လိုက်လျောလွယ်ကြသည်သာ များသည်ကို သိရ၏။ ယခုလိုစကား မပြောချင်သော အမူအရာနှင့် ရှောင်သွားလေ့ရှိသည်ကို အောင်လှတွေး၍မရချေ။

သို့ တွေးနေခိုက်တွင် တစ်စုံတစ်ရာကို စဉ်းစားမိလေ၏။ ကေန်သူ့မှာ ရည်းစားရှိလို့ပဲ။ ငါနဲ့ စကားပြောတာကို မတော်တဆ သူ့ရည်းစား သိမြင်မှာစိုးလို့ ရှောင်တာပဲ။ ယောကျ်ားယူဖို့ စိတ်မကူးဘူးဆိုတာဟုတ်မယ့် လက္ခဏာမရှိဘူးဟု တွေးလေ၏။

သို့တွေးမိသောအခါ စိတ်ထဲ၌ နှမြောသလိုဖြစ်၍သွားလေ၏။ဤမျှလောက်လှသူကလေးတစ်ယောက်ဟာ တောတွင်းသား လူကြမ်းကြမ်းကြီးမျိုးနဲ့ ညားရင် အင်မတန် သနားစရာကောင်းမှာပါတကား။ တောသူ တောသားတို့ ဓလေ့မှာ ဒီလိုဆင်းရဲတဲ့မိန်းမလေးများ ယောကျ်ားရ၍၊ ယောကျ်ားက ဂုဏ်ကလေးသာလျှင် ယောက္ခမကြီးများချစ်အောင် အင်မတန်မှ ကြိုးစားပြီး ဆန်ဖွတ်မောင်းထောင်း ရေသယ်အလုပ်ကို လုပ်ရတော့မှာပဲ။ လုပ်ရလျှင် ဤလို နုနုနယ်နယ်ကလေးမှာ ပယာသီး၊ သစ်တော့သီးဘဝမှ

mgyoe.com

mgyoe.com

မကြာမီအတွင်း မိုန်မေးရွှံ့တွကာ ဝေါလနတ်၊ သစ်ကြားသီး၊ ခရမ်းသီး၊ ပိန်ရွက်ဖြစ်ပြီး ဆင်းရဲတဲ့အဖြစ်မှာ အနစ်ကြီးနစ်ရရှာမှာကလေးပါပဲ။ စသည် ဖြင့် ဆက်ကာတွေးပြီး မတတ်နိုင်ပါဘူးလေ။ သူတို့ကံနဲ့သူတို့ ချောသမျှ လှသမျှ၊ တောသူမကလေးတွေကို ငါအကုန်သနားပေမယ့် မင်းတုန်းမင်းကြီး များလို ဘုန်းတန်ခိုးကြီးမှ၊ကိုယ်တော်တိုင် ကယ်နိုင်ဖို့ ရှိပါသလား။ ဒီကယ် နည်းမျိုးလည်း ဒုက္ခများမယ့် ကယ်နည်းမျိုးပါကလား။ အေးလေ။ သင်းတို့ ဟာနဲ့ သင်းတို့ ဘာဖြစ်ဖြစ်ကျေနပ်ရင် ငါ့မှာ ဘာအရေးကြီးဖို့ရှိသလဲ။ ငါအနေ သာကြီးပဲ။ ဒါထက်မတော်တဆ သူ့ရည်းစားမြင်ရင် မကောင်းပါဘူးလေ။ သွားဦးမှပဲဟု မိမိဘာသာပြောပြီး မိန်းမပျိုကို နှုတ်ဆက်၍ထွက်ခဲ့လေ၏။

ထွက်မည်အပြုတွင် သူကြီးဦးရွှေလုံး အဘယ်အရပ်မှာ ရှိသည်ကို သိရအောင် ထပ်၍မေးချင်သော်လည်း မိန်းမပျိုက စကားဆက်လက်၍ပြော ချင်သည့် အမူအရာကိုမပြသဖြင့် ထွက်၍လာခဲ့ရလေ၏။

သို့လာရာ၌ မိမိပြောခဲ့သောစကားများကိုပြန်၍ တွေးရင်း အံ့သြမိ လေ၏။

မိမိမှာကား မြို့အုပ်မို့ ဆင်းရဲသော တောသူကလေးသည် မိမိကဲ့သို့ သော ဂုဏ်သရေရှိ ယောကျ်ားပျိုတစ်ယောက်အပေါ်၌ လိုက်လျောရမည်ဟူ သော စိတ်ရင်းတစ်မျိုးကြောင့် အထက်ထက်က သိက္ခမ်းဖူးသကဲ့သို့ လွတ် ကျွတ်ရဲတင်းစွာ ပြောဆိုမိလေ၏။ သို့ပြောဆိုသည်ကို လိုက်လျောကာ စကားလက်သင့်ခံ၍ ပြောသော မိန်းကလေး၏ အမူအရာသည်လည်း တစ်နည်းအားဖြင့် အံ့ဖွယ်ဖြစ်လေ၏။

သာလွန်၍ အံ့ဖွယ်ရာကောင်းသည်မှာကား သို့လိုက်လျောပြော ဆို၍နေရာမှ ရုတ်တရက် စိတ်ပြောင်းပြီးထ၍ သွားခြင်းဖြစ်လေ၏။

ထိုအကြောင်းများကို တွေးရင်း ရွာကို လှည့်လည်၍ကြည့်ပြီး မိမိ၏ မြင်းထားခဲ့သောအိမ်သို့ရောက်ပြီး နေဝင်ရီတရောအချိန်ကို ပြန်၍သွား လေ၏။

mgyoe.com

mgyoe.com

အောင်လှသည် မိန်းမပျိုမျက်နှာကို ဖျောက်ဖျက်၍ မရတော့ချေ။ နဂိုက ဂုဏ်ကိုရှာသောသူတစ်ယောက်ဖြစ်လေရာ ထိုရွာ၌ ထိုမိန်းမချောကလေးတစ်ယောက်ရှိကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ယောက်ကိုမျှ မေးခြင်း မြန်းခြင်းမပြုဘဲ နေလေ၏။ မေးမြန်းလျှင် မြို့အုပ်မို့ တကယ်ယူဖို့ မကြံဘဲ ဖျက်လိုဖျက်ဆီးကြံတာပဲဟု အများမှတ်ထင်ကာ မိမိအားအပျော်အပါး လွန်ကြူးသောအခြား မင်းအရာရှိများလို မှတ်ထင်ကြမှာများစွာ စိုးလေ၏။ ထို့အပြင် ၎င်းမိန်းကလေး၏အကြောင်းကို မိမိကိုယ်တိုင် သိအောင် ကြိုးစားခြင်းသည် တစ်ဆင့် စကားလှော်တက်သမားများကို ယုံရသည်ထက် ပိုမို၍ကောင်းသည်ဟု သဘောရလေ၏။

၎င်းမိန်းမပျို၏စိတ်ပြောင်းလဲပုံနှင့်ပတ်သက်၍ သိလိုသောစိတ်သည်လည်း သာလွန်ပြင်းထန်၍ လာလေ၏။ မိမိ၏အိမ်နောက်ဖေး ဝရန်တာမှ အနောက်ဘက်ကိုကြည့်လိုက်သည့်အခါ ညို့ညို့မှိုင်းမှိုင်းရွာကလေးကို မြင်ရလေ၏။ မိုးအုံ့သည့်အခါ ရွာကလေး၏ အုန်းပင်တို့သည် စိမ်းညိုသောအရောင်ဖြင့် လေထဲတွင် ယိမ်းကာ၊ ရမ်းကာလက်ရပ်၍ခေါ်သည်နှင့် တူလေ၏။

အခုအနေ ဟိုတဲကလေးဟာ ဟိုဘက်နားမှာရှိမှာပဲ။ ဘာများလုပ်နေပါလိမ့်မလဲဟု တွေးတောကာ ထင်မြင်လေ၏။

အခါ(ႇ)ားစွာ စိတ်ကိုချုပ်တည်း၍ထားလေ၏။ ဘာမဟုတ်၊ ညာမဟုတ် အပျက်အပျက်က နှာခေါင်းသွေးထွက်တတ်သည်ဟူသောစကားဖြင့် မိမိကိုယ်ကို တတ်နိုင်သမျှ တိမ်းစောင်းလေ၏။ ထိုရွာကိုသွားစဉ်က ရန်သူအဟောင်းအပေါ်၌ ကလဲ့စားချေရန်မျှဖြစ်၏။ မိန်းမရှာရန်သွားခြင်းမဟုတ်ပေ။ ယခုကား မနှင့်တွေ့ခဲ့ပြီ။ အဘယ်အခါကမျှ မစွဲသော အစွဲနှင့် တွေ့၍နေရလေ၏။

မူလကလည်း အိမ်ထောင်ပြုဖို့ရန် စိတ်အကြံမရှိခဲ့သေးပေ။ ယခုသည်ကား၊ ထရူးလပ်ဆိုသည့် အချစ်ဖူးစာဘက် အစစ်ပင် တွေ့လေရော့သလားမသိရ။ ညှိုးမှိန်သိမ်မွေ့သောကအပူငွေ့ကလေး ရစ်ပတ်၍နေသည်နှင့်တူသော ဆင်းရဲသူရုပါရုံကလေး၏ဒဏ်ရာသည် နှလုံးကို ထိရှလျက်

mgyoe.com

မသက်မသာ။ ထိုအနာမှာ ရင်း၍သာ လာတော့သည်ကို သိရလေ၏။

ဤတောရွာသူမကလေးတစ်ယောက်ကို ထိထိရောက်ရောက် ပို၍ နေချေက ထိုသတင်းသည် ဂုဏ်သရေရှိ အသိမိတ်ဆွေအပေါင်း အဖော်များ၏ နားသို့ရောက်ကာ လှောင်ကြပြောင်ကြမှာကို စိုးလေ၏။

သို့သော်လည်း မတွေ့ဘဲလည်း မနေနိုင်။ ထိုရူပါရုံသည် အခက်ကို ကိုင်၍နေလေတော့သတည်း။ သို့ဖြစ်လေရာ ဒီသူကြီးကို ငါမတွေ့ရတာ စိတ်မကျေ၊ တွေ့အောင်စုံစမ်းမည်ဟူသော အကြံကိုပြုကာ အဝတ်များလဲပြီး အိမ်ပေါ်မှ ဆင်း၍သွားလေရာ မိမိကို မည်သူမျှ မမှတ်မိဘဲနေလေ၏။ အကြောင်းမူကား တောရွာကို နားစွင့်သွားလျှင် လူသူလေးပါး ဂရုစိုက်၍ ကြည့်မှာစိုးသည်အတွက် ရုပ်ဖျက်မထင်မရှား တောသားပုံဟန်ဆင်၍ သွားလေသတည်း။

ထိုအခါ နေအတော်စောင်းလျက် ရှိလေ၏။ မိုးကောင်းကင်မှာလည်း ခိုးမင်တွေ ပိတ်ဆို့၍နေလေ၏။ တက်၍လာသော တိမ်တောင်ကြီးသည် ရွာကလေးကို ပိုမိုပြတ်သားစွာပေါ်ဧစလျက် ပို၍နီးကပ်သလို မှတ်ထင်ရလေ၏။

သို့သွားရာ လမ်းခုလတ်လောက်ရောက်လျှင် မိုးသက်လေ ကျလျက် လေ၏လက်ဖြင့် ကြဲပက်သော မိုးဖွဲမိုးပေါက်များသည် မျက်နှာကို ဆီး၍ပက်လေ၏။ ရွာကလေးသည် ပျောက်ကွယ်သွားလေ၏။

ပြန်ရလျှင်ကောင်းမလားဟု တွေးလေ၏။ သို့သော်လည်း ရှေ့ကို ဆွဲဆောင်သော ဓာတ်သည် မိုးကြိုးလျှပ်စစ်တို့၏ ခြိမ်းခြောက်ဟန့်တားခြင်းကို သတိမထား၊ ခြေလှမ်းများသည် ရှေ့ကိုသာ ဆောင်ကြလေ၏။ ဦးခေါင်း၌ရှိသော ဝါးဖတ်ဦးထုပ်မှာ လေထဲသို့ လိုက်ပါမည်ပြုသဖြင့် မနည်းကြီး လက်နှင့်ကိုင်ထားရလေ၏။ ရှေ့သို့ကိုင်းကာ အားပြုလျက်သွားရလေသည်။

သို့သွားရာ ရွာကလေးသို့ရောက်၍ သွားလေ၏။ ထိုအခါ နေဝင်ရီသရောအချိန်ဖြစ်လေ၏။

အိမ်ကလေးအနီးသို့ ရောက်သောအခါ ဝင်ရလျှင် တော်မည်။

mgyoe.com

mgyoe.com

မတော်မည်ကို ခဏစဉ်းစား၍ နေလေ၏။

ငင်းနောက် မိုးခိုရန်ကဲ့သို့ အိမ်ထဲသို့ ဝင်၍ပြေးလေရာ တစ်အိမ်လုံး ဆိတ်ငြိမ်နေသည်ကို တွေ့ရသဖြင့် မတ်တတ်ရပ်ကာ တောင်မြောက်လေးပါး ကို ကြည့်လျက်နှင့် ပြီးမှ အောက်ဆင့် ကြမ်းခင်းပေါ်မှာ ထိုင်လေ၏။

အိမ်၏အခြေအနေကိုကြည့်သောအခါ သပ်ရပ်စွာ ဆင်ပြင်ထား သော စိတ်ကူးယဉ်သော မိန်းမလက်ရာတို့မှာ ဆက်လက်၍ ဂရုမစိုက်ဘဲ အတော်ကြာထားရှိသည့် အသွင်ကိုမြင်ရလေ၏။

ရေအိုးစင်မှာ စပါးပင်တွေ ရှည်လျက်နေလေ၏။ ခန်းဆီးမှာ ဟောင်း နွမ်း၍နေလေ၏။ ညောင်ရေအိုးစင်မှာ ပန်းများခြောက်လျက်နေ၏။ ဆေးလိပ် ခုံနှင့် ဈေးဆိုင်ကလေးမှာ မရှိတော့ပေ။ အိမ်မှာသွေ့ခြောက်ပစ်စွန့်၍ ထား သည့်အသွင် ရှိလေ၏။

မြို့အုပ်မင်းသည် အိမ်အပေါ်ဆင့် လှေကားကိုတက်၍ အခန်းထဲကို ဝင်လေ၏။ အလင်းရောင်မရှိ မှေးမှိန်သော အခန်းကိုကြည့်လိုက်ရာ ကြက် သေသေ၍ နေလေ၏။ အကြောင်းမူကား နှာခေါင်း၌ဝေ့၍လာသော အနံ့တစ် ခုသည် ဦးခေါင်းကြီးလျက် ကြက်သီးများကို ဖြန်းခနဲထအောင်ပြုလုပ် လိုက်လေ၏။ ထိုအနံ့မှာ လက်ဖက်နံ့၊ ကော်နံ့၊ စက္ကူနံ့တို့ရောစပ်သည့် မသာနံ့ဖြစ်၍နေသည်ကို သိရလေ၏။ အခန်းမှာ ရှုပ်ပွေ၍ နေလေ၏။

စက္ကန့်အနည်းငယ် ထိုကဲ့သို့နေပြီးနောက် စိတ်ကိုတင်းပြီး သေချာ စွာကြည့်ရာ ဆန်ကောတစ်ခုမှာ ကွမ်းသီးစိတ်များကို တွေ့ရလေ၏။ သံပန်းကန်ပြားတစ်ခုမှာ လက်ဖက်၊ ချင်းအကြွင်းအကျန်များကို မြင်ရလေ ၏။ တောင်းနိဂါလေးတစ်ခုမှာ ဆေးပေါ့လိပ်၊ ကွမ်းစားဆေး၊ ကွမ်းရွက်နှင့် ထုပ်ထားသော ထုံးခြောက်များ။ တစ်ခုသောထောင့်၌ ပုံလျက်ရှိသော အဝတ် ဟောင်းများကို မြင်သဖြင့် သွား၍ကြည့်ရာ မြန်မာဆေးဝါးအနံ့ကို ရလေ၏။

ထိုအခါ တစ်ဖန် ကြက်သီးထ၍ လာပြန်လေ၏။ တစ်ခုသောထောင့် ၌ ထောင်၍ထားသော သင်ဖြူးလိပ်ကြီးတစ်ခုကို တွေ့ရလေရာ ဇကဲမသာ အိမ်ဖြစ်ပြီ ထင်ပါကလားဟု တွေးမိလေ၏။

mgyoe.com

ထိုအခိုက် မိုးမှာသည်း၍ မှောင်ကြီးကျ၍လာလေ၏။ ထိုအခါ ဗိုး၍ကြောက်ရွံ့ပြန်လေ၏။ မသာနံ့သည် တိုး၍သိသာလေရာ ထိုအနံ့များသည် ဤအကြွင်းအကျန်များမှ ရိုးရိုးထွက်လာသော အနံ့များ ဖြစ်လေသလား။ သို့မဟုတ် အစိမ်းတစ္ဆေပေးသော အနံ့ဖြစ်လေသလားဟု တွေးလေ၏။ အကြောင်းမူကား အနံ့မှာ မငြိမ်မသက်လှုပ်ရှားသော အနံ့တစ်မျိုး၊ အသက်ရှိသော အနံ့တစ်မျိုးဟု မှတ်ထင်ရလေ၏။

ထိုအခါ ခြောက်လုံးပြူးကို ခါးမှထုတ်ကာကိုင်လေ၏။ ခြောက်ရင် ဘာပဲဖြစ်ဖြစ် ပစ်မည်ဟု တွေးလေ၏။

ထို့နောက် ဘယ်သူများ သေပါလိမ့်မလဲ။ ဟိုသူငယ်မကလေးများ ဖြစ်လေသလား။ လွဲပါစေ၊ ဖယ်ပါစေ မဟုတ်ပါစေနဲ့။ တခြားတစ်ယောက်ယောက် ဖြစ်ပါစေဟု ဆုတောင်းလေ၏။

သို့ပင် ဆုတောင်းရသော်လည်း စိတ်၌မပြေဘဲ ခမျာကလေးပဲ ထင်ပါရဲ့။ အရင်တစ်ခေါက်တုန်းက အိမ်မှာတခြားဘာမျှမရှိဘူး။ တစ်ယောက်သာမြင်ရတာပဲ။ သူပါပဲထင်ပါရဲ့။ မဟုတ်ပါစေနဲ့ စသည်ဖြင့် တွေးရင်း ခြောက်လုံးပြူးကို တင်းစွာကိုင်၍ထားလေး၏။

မတော်တဆ သင်းကလေးမှာ အစိမ်းဖြစ်ပြီး ငါ့ကိုခြောက်လာရင် ဘယ့်နှယ်လုပ်ပါမလဲ။ သေနတ်နဲ့ ပစ်ရက်နိုင်ပါ့မလား။ သူဖြစ်ရင်မပစ်ဘူး။ ဘယ်လိုနေနေ ငါပြေးပြီးဖက်မယ်ဟု တွေးလေ၏။

သို့တွေးရင်း တစ်စုံတစ်ယောက်များ ဘွားခနဲပေါ်၍များလာမလော။ သင်းကလေးမဟုတ်ဘဲ အခြားမကောင်းဆိုးဝါးကြောက်စရာ သဏ္ဍာန်ကြီးများပေါ်၍ လာလိမ့်မည်လား။ ပေါ်လျှင် ပစ်မယ်။ ပြဝံ့ရင်ပြလာစမ်းဟု အံကြိတ်ကာတင်းလျက် အခန်းအလယ်တွင် ရပ်ကာနေ့လေ၏။

မိုးသည် လေနှင့်အတူသည်း၍လာလေ၏။ ထရံများမှာ မကောင်းဆိုးဝါးတွေ တိုးဝှေ့လှုပ်ရှား၊ ဆွဲချဖြိုဖျက်ရန်ကြိုးစားကြသည်ဟု မှတ်ရလောက်အောင် လှုပ်ရှား၍နေကြလေ၏။တစ်ခါတစ်ခါ အိမ်ကလေးမှာ နာနာဘာဝများဆွဲ၍ လှုပ်သလို သိမ့်ခနဲ၊ သိမ့်ခနဲ ဖြစ်၍နေလေ၏။ ရေဒီယမ်

mgyoe.com

mgyoe.com


လက်ပတ်နာရီကိုကြည့်ရာ ခြောက်နာရီခွဲသာသာအချိန် ဖြစ်သည်ကို တွေ့ရှိလေ၏။

ထိုအခိုက်တွင် အပြင်ဘက်၌ ခြေနင်းသံကြားရာ မြို့အုပ်မင်းသည် ထိတ်ခနဲဖြစ်ပြီး သာ၍မှောင်သော ထောင့်တစ်ခုကို သွား၍ကပ်လေ၏။ ဟ၍နေသော ထရံအကြားမှ အပြင်ကိုကြည့်လိုက်သောအခါ ထဘီကို လက်တစ်ဖက်နှင့် ကိုင်မြှင့်သဖြင့် ဝန်းတောက်မပြေပြစ်သော ခြေသလုံးကလေးပေါ်၍နေသည်ကို မြင်ရလေ၏။ ထိုခြေသလုံးမှ အထက်ဆံပင် ဖိုးရိုးဖားယားနှင့် အတွင်းကို စီးစောင်းကြည့်ဟန်ရှိသော မိန်းမပျို၏ မျက်နှာကိုမြင်ရလေ၏။ လှပညှိုးငယ်သော မျက်နှာထားမှာ သနားဖွယ်ဖြစ်သဖြင့် မြို့အုပ်မင်း၏ နှလုံးသားသည် အိ၍သွားလေ၏။

ငါ့ခြေသံကြားလို့ ကြည့်တာထင်ပါရဲ့။ သင်းတစ္ဆေတော့ ဟုတ်မယ် မထင်ပါဘူး။ တစ္ဆေဖြစ်လျှင် ခြောက်မှာပဲ။ ဖြပြမလား၊ ပြုံးပြမလားဟုတွေးကာ မျက်နှာကိုသေချာစွာ ကြည့်လေ၏။

ထိုအခိုက်တွင် မိန်းမပျိုသည် မရဲတရဲလှမ်းနင်းကာ လှေကားကို တက်ပြီး အခန်းထဲကို ဦးခေါင်းသွင်းကာ ထိုသို့၊ ဤသို့ ကြည့်လေ၏။

ထိုအခိုက် မြို့အုပ်မင်းသည် နေရာကို ရွေ့၍ရပ်လိုက်ရာ မိန်းမပျိုကလေးသည် မိမိရှိရာ နေရာဘက်သို့ လည်ကိုဆန့်ကာကြည့်ပြီး နောက်သို့ ကြောက်အားလန့်အား အမူအရာနှင့်လှည့်ကာ အောက်ကိုပြန်၍အဆင်းမှာ ခြေချော်၍လဲကျလေ၏။

မြို့အုပ်မင်းသည် မှောင်ထဲမှ တစ်ဟုန်တည်းပြေးထွက်လေ၏။ မိန်းမပျိုမှာ လှေကားရင်း၌ ပုံလျက်လဲ၍နေလေ၏။

မြို့အုပ်မင်းသည် ချက်ချင်းပွေ့ထူလေရာ မိန်းမပျိုသည် ထိတ်လန့်တကြားအသံနှင့် အမယ်လေးဟု အော်၍ ၎င်း၏လက်ထဲမှရုန်းထွက်ပြီး အဆင့်ပေါ်မှ ခုန်ဆင်း၍ ပြေးလေရာ မကြာမီတဲအပြင်သို့ရောက်၍သွားလေ၏။ မြို့အုပ်မင်းသည် နောက်မှနေ၍ကြည့်ရာ မိန်းမပျိုကို အခြားအဖော်နှစ်ယောက်က ဆီး၍ဖက်ကာ ထိတ်လန့်တကြား မေးမြန်းနေကြသည်ကို

mgyoe.com

မြင်ရလေ၏။

မိန်းမပျိုသည် တစ်စုံတစ်ရာကိုယူရန် အဖော်များနှင့်လာရာ အဖော်များမှာ မဝင်ဝံ့သဖြင့် အပြင်မှာနေရစ်သောကြောင့် မိန်းမပျိုမှာ တစ်ယောက်တည်းစွန့်ခွာ ပြေးဝင်၍လာကြောင်း သိရလေ၏။

မြို့အုပ်မင်းသည် ဘာကိုကြံရမှန်းမသိချေ။ ၎င်းတို့နောက်ကို လိုက်၍သွားရမည်မှာလည်း ခက်လေ၏။ မိုးမှာလည်း သည်းလျက်ပင်ရှိနေလေရာ မည်သူမျှ လာဝံ့မှာမဟုတ်။ မိုးစဲမှ တာလမ်းမကြီးကိုရောက်အောင်သွားပြီး ဖြည်းဖြည်းလျှောက်ပြန်မည် စိတ်ကူးကာ အောက်ဆင့်မှာ ဝါးဖတ်ဦးထုပ်ကို ဆောင်းလျက်ထိုင်၍နေလေ၏။

အတန်ငယ်ကြာလျှင် ဦးခေါင်းအနီး၌ ဝီကနဲပြင်းထန်သော အရှိန်နှင့် မြည်၍သွားသော အသံတစ်ခုကို ကြားရလေ၏။

ဟင်–ဒါတော့ တစ္ဆေခြောက်တာ အစစ်ပဲဟုတွေးလေ၏။

သို့တွေးခိုက်တွင် ဝါးဖတ်ဦးထုပ်ကို ဖျတ်ခနဲ တစ်စုံတစ်ရာထိမှန်လေရာ ဦးထုပ်လွင့်စင်၍သွားပြီး နောက်ခံတစ်ချက်ဆင့်၍ နားထင်ကိုထိရာ မျက်လုံးထဲမှာ ဝင်းခနဲ မီးတောက်ပြီး မေ့၍သွားလေ၏။

သတိရ၍လာသောအခါ မိမိအပေါ်၌ ငုံ့၍ကြည့်နေကြသော များစွာသော တောသူတောသားများကို တွေ့ရလေ၏။

ကိုအောင်လှ ဘယ့်နှယ့်နေသေးသလဲဟုမေးသော သာယာသော အသံကို ကြားရသောအခါ မော့၍ကြည့်ရာ မိန်းမပျို၏ မျက်နှာကိုမြင်ရလေရာ နာကျင်သမျှလျော့ပြီး မျက်လုံးများမှာကြည်လင်၍သွားလေတော့သတည်း။

အောင်လှသည် ဦးခေါင်းကို ကိုင်စမ်းကြည့်ရာ ကြီးသော အဖုကြီးကို တွေ့ရလေ၏။

အောင်လှသည် မိန်းမပျို၏ ရင်ခွင်၌ အပွေ့ခံနေရသည်ကိုသိရသောအခါ အလွန်နူးညံ့သိမ်မွေ့၊ မွှေးကြိုင်သည်ကို သတိထားလျက် တစ်ကိုယ်လုံးမှာ စိမ့်ခနဲဖြစ်၍သွားလေ၏။ မေခလာရင်ခွင်၌ ဇနက္ကအပွေ့အပိုက်ခံရသည်မှာ မိမိယခုအပွေ့ခံရလောက် အရသာရှိလိမ့်မည်ဟုမထင်၊ မူးမိုက်သော

mgyoe.com


ဝေဒနာပင်ပျောက်ကင်း၍ သွားရလေ၏။

သို့ဖြစ်လေရာ ထိုမျှလောက် ထူးမြတ်သောနတ်အတွေ့နှင့်တူသည့် ရင်မွေ့ရာမှ ထွက်ရမည်စိုးသောကြောင့် မျက်နှာကို ရှုံ့ပြီးစုတ်သပ်ကာ အမယ်လေး ...အမယ်လေး မူးလှချည်ရဲ့ ခင်ဗျာဟုညည်းပြီး မျက်လုံးကိုမှိတ်လျက် မိမိကိုယ်ကိုပျော့၍ပေးလိုက်လေ၏။

ထိုအခါ မိန်းမပျိုမှာ အချစ်အသနားစိတ်နှင့် တစ်ကိုယ်လုံး တစ်ရင်လုံးမှာ သိမ့်သိမ့်လှုပ်ကာ အမယ်လေးဟု အောင်လှ၏နားမှာ ကြားရုံမျှ လေသံကလေးနှင့် တအားတင်းစွာ တိုး၍ပွေ့ရာလေ၏။

ထို့နောက် အသံတုန်တုန်နဲ့ သွေးဆေးပေးပါဦး။ မာလကာရွက် ခူးကြပါ။ ကိုအောင်လှ သတိထားလေဟု မိန်းမပျိုက ပြောလေ၏။

အခြားမိန်းမယောကျ်ားများကလည်း ပျာလောင်ခတ်၍နေကြသည်ကို သိရလေသည်။

နောက်တစ်ဖန် သတိရ၍လာပြန်လေရာ ဖြူစင်သန့်ရှင်းသော အိပ်ရာတစ်ခုသို့ တွဲ၍ပို့ကြလေ၏။ ထိုအိပ်ရာမှာ ဤတဲ၌ပင် ရုတ်တရက် ချက်ချင်းပြုလုပ်ပြင်ဆင်၍ ပေးကြသော အိပ်ရာဖြစ်လေ၏။

လူတစ်ယောက်က ဟောဒီမှာ မြို့အုပ်မင်းခြောက်လုံးပြူးဟု ပြော၍ပေးလေ၏။

တစ္ဆေထင်ပြီး သူငယ်နှစ်ယောက်က လေးနဲ့ချောင်းပစ်သွားကြတာပါ။ မြို့အုပ်မင်းရဲ့ ကလေးအမိုက်များပါ၊ မစိန်ဖြူက ဖျာလိပ်ယူဖို့အလာမှာ မကြာမီက ဆုံးရှာတဲ့ သူ့ဖခင်ဦးရွှေလုံးခြောက်တယ်လို့ ပြောမိတာနဲ့ ကလေးများလာပြီး ချောင်းရာမှာ မြို့အုပ်မင်း ထိုင်နေတာကို မြင်ပြီး တစ္ဆေမှတ်လို့ ပစ်တာပါလို့ ပြောလေ၏။

မြို့အုပ်မင်းသည် မိန်းမပျိုမျက်နှာကိုသာစိုက်၍ ကြည့်နေသဖြင့် ထိုလူပြောသောစကားများကို နားမဝင်ဘဲနေခဲ့လေ၏။

မိမိ ကလဲ့စားချေဖို့ လာရာမှာ ကလဲ့စားမချေရရုံမက ဦးခေါင်းကို လောက်စာလုံးထိမှန် မသေရုံကျန်သည်ကိုတွေးကာ အံ့ဩမိလေ၏။ ထို

mgyoe.com

mgyoe.com


မိန်းကလေးသည် အခြားမဟုတ်။ မိမိ၏ ငယ်သူငယ်ချင်းမကလေးဖြစ်သူ မိမိရန်သူ၏သမီးတစ်ယောက်ပေတကားဟု အောက်မေ့ကာ ကလဲ့စားချေဖို့ ရန် မလိုတော့သည်ဖြစ်ကြောင်း စဉ်းစားသံဝေဂရလေ၏။

"ကိုအောင်လှ၊ ဘာလုပ်လာတာလဲ။ ကျွန်မကို မှတ်မိသလား"

"မမေ့နိုင်တဲ့ ရန်သူ့သမီးတစ်ယောက်ကို မမှတ်မိဘဲနေပါ့မလား စိန်စိန်။ ငါ မင်းအဖေကို ကလဲ့စားချေချင်လို့၊ မင်းတို့ဘယ်မှာနေသလဲဆိုတာ စုံစမ်းဖို့ လာရာမှာ မိုးခိုရင်း အခုလိုဖြစ်တာပဲ"

"နို့ အခု ကလဲ့စားချေချင်သေးသလား"

"ဟိုပထမအခေါက်မှာတုန်းက စိန်အခုလို ဖွင့်ပြောရင် ကလဲ့စားချေ ဖို့ စိတ်ဟာ ဟိုတစ်ခါတည်းက ပြေပျောက်ဖို့ပါပဲ။ စိန်က ဘာပြုလို့ ဖွင့် မပြောလိုတာလဲ"

"ကျွန်မတို့ကလည်း ကလဲ့စားချေမှာကြောက်တာပေါ့ ကိုအောင်လှ ရဲ့။ ကျွန်မဖေဖေက ကိုအောင်လှဖေဖေကို နှိပ်စက်တာကို ကျွန်မမျက်မြင်မို့ မှတ်မိလို့ မပြောဝံ့တာပေါ့။ ဖေဖေ ကိုအောင်လှလာတုန်းက ဖေဖေမမာနေပါ တယ်။ ကိုအောင်လှအကြောင်း မေးတာနဲ့ ကျွန်မက ဘယ်သူဘယ်ဝါဖြစ် ကြောင်းပြောပြတော့ ဖေဖေက ငါဟိုတုန်းက အများကြီး သူကြီးဂုဏ်မောက် ခဲ့လို့ မှားခဲ့တာပဲသမီးရယ်။ ငါတို့အပေါ်မှာ သူ့သားက ကြေမှာမဟုတ်ပါဘူး တဲ့။ ဖေဖေကျန်းမာလာရင် တော်ရာပြေးကြမှ တော်မယ်။ အခုသူက မြို့အုပ် ဆိုတော့ ငါတို့ကို နှိပ်စက်မယ်ဆို လွယ်လွယ်ကလေးနဲ့ နှိပ်စက်နိုင်မှာပဲလို့ ပြောသွားတယ် ကိုအောင်လှရဲ့။ အခုတော့ မရှိတော့ပါဘူး"ဟုပြောကာ မျက်လုံးကို အင်္ကျီလက်နှင့် တို့လေ၏။

မိန်းမကြီးတစ်ယောက်က "မြို့အုပ်မင်းရယ် ...ရှေးကလွန်ပြီးတာ လွန်ပါစေတော့။ ဒီမစိန်ဖြူကလေးမှာလည်း အခုအနေတော့ ခိုကိုးရာမဲ့ဖြစ် နေရှာပါတယ်။ ရန်သူကို ရန်တုန့်မမူရုံမက ရန်သူ့ရဲ့သမီးအပေါ်မှာ ကောင်း မယ်ဆိုရင် လူသာစုခေါ်၊ နတ်သာစုခေါ်ဆိုတာလို အင်မတန်မှ သူတော် ကောင်း ပီသပါလိမ့်မယ်"

mgyoe.com

mgyoe.com


"ကလဲ့စားချေဖို့အတွက် သက်သက်လာတာလည်း မဟုတ်ပါဘူး အဒေါ်ရဲ့"ဟု ပြောကာ စိန်ဖြူ၏ မျက်နှာကို စူးစိုက်စွာ ကြည့်၍နေလေ၏။

မိန်းမကြီးတစ်ယောက်က "ကိုင်းသွားကြသွားကြ၊ မြို့အုပ်မင်း ယနေ့ည ဒီမှာအိပ်လိမ့်မယ်။ မဆူကြ၊ မည်းကြပါနဲ့။ လာသွားကြစို့"ဟုပြော ပြီး ခေါင်းတည်၍ ထွက်သွားလေ၏။ အားလုံးရယ်မော ပြောဆို၍ သွားကြ လေ၏။ မစိန်ဖြူမှာ ခေတ္တပြောင်းရွှေ့၍ အတူနေသော ဒေါ်သဲအုံကြီးတစ် ယောက်သာ ကျန်ရှိလေ၏။

မြို့အုပ်မင်းက ၎င်းအဒေါ်ကြီးအား စိန်ဖြူကိုကြည့်ရှုစောင့်ရှောက် သည့်အတွက် များစွာကျေးဇူးတင်ကြောင်း၊ သို့သော်လည်း စိန်ဖြူကိုအိမ် သို့ ခေါ်၍စောင့်ရှောက်ဖို့မလို၊ ဤအိမ်မှာလာ၍ စောင့်ရှောက်လျှင် အများကြီး ကျေးဇူးဆပ်မည်ဖြစ်ကြောင်းနှင့် ပြောလေ၏။

အဒေါ့်မှာလည်း တစ်ယောက်တည်း။ ညီမများနဲ့ နေရပါတယ်။ ညီမများအခွင့်ပြုလို့ ဒီကလေးမကို ဟိုမှာအတူနေဖို့ ခေါ်ရတာပါ။ ဆွေတစ်စ မျိုးတစ်စတော်လည်း အရင်သူတို့ကောင်းစားစဉ်က ကိုယ့်လက်ထဲမှာ ကြီးသည်အတွက် အခုလို ခိုကိုးရာမဲ့ဖြစ်နေတာတွေ့ရတော့ ရင်ထဲမှာ မချိဘူး မောင်ရင်လေးရဲ့။ သည်တော့ ကိုယ်တိုင်က သူတစ်ပါးထံ ခိုကိုးနေရတဲ့အထဲ မှာ သင်းကလေးကို အတူနေဖို့ခေါ်ရတာပါ။ အခုလို မောင်ရင်ကပြောတော့ အတိုင်းထက်အလွန် ဝမ်းသာတာပေါ့မောင်ရင်။ ဒါထက် အဒေါ့်တူမလေးကို မောင်ရင် တကယ်အတည်တကျ ပေါင်းပါမောင်ရင်လေးရယ်"

"အို ..ဒါတော့ အဒေါ်ပူစရာ မရှိပါဘူး။ ကျွန်တော် အခြားလူမဟုတ် ဘူး အဒေါ်ရဲ့။ ပြောပြလိုက်ပါ စိန်ရယ်"

ထိုအခါ စိန်ဖြူက အကျိုးအကြောင်းအဖြစ်အပျက်ကို ပြော၍ပြ လေရာ မိန်းမကြီးမှာ ဝမ်းသာအားရသဖြင့် မျက်ရည်များကိုသုတ်လျက် စလွယ်ဖက်ကို ဆောင်းကာ၊ ကိုင်း ...အဒေါ်ကြီးလည်း သွားပြီးပစ္စည်းကလေး များ သယ်လိုက်ဦးမယ်ဟု ပြောပြီးထွက်၍သွားလေ၏။

"စိန်–ဟိုနေ့က ဘာဖြစ်လို့ စကားကိုဖြတ်သွားတာလဲ"

mgyoe.com

"ကိုအောင်လှ။ ကျွန်မတို့ကို ကလဲ့စားချေဖို့ ကြံကြောင်းသိရလို့ပါ။ ဖေဖေကျန်းမာရင် ကျွန်မတို့ကို ကိုအောင်လှရှာလို့တောင် တွေ့မှာမဟုတ်ပါဘူး"

"နို့ ...အခုတော့ ကလဲ့စားမချေဘူးဆိုတာ စိတ်ချပလား။

"ဒါတော့ ကံပေါ့ ကိုအောင်လှရယ်။ မေတ္တာကလေး ရှိသေးတာကိုး။ နောင်ခါကျမှ ခံရရင်လည်း မတတ်နိုင်ဘူး၊ အခုတော့ ယုံလို့စွန့်စားရတော့တာပါပဲ။ နောင်ခါကျမှ ငါ့အဖေကို နှိပ်စက်တဲ့ အကောင်ကြီးသမီး၊ အခုသင်းငါ့လက်ထဲရောက်ပြီ။ ငါလုပ်သလို ခံရမှာပဲဆိုရင် ဒီက ကံပေါ့"

"အင်္ဂလိပ်တရားဥပဒေမှာ လက်ညှိုးမကောင်း လက်ညှိုး၊ လက်မမကောင်း လက်မဆိုတဲ့ ဥပဒေမျိုးပါ။ သူ့ခမျာလည်း ဆင်းရဲဒုက္ခဖြစ်ပြီး အသက်တောင် ဆုံးရှာမှပဲ။ မြေပုံကိုသွားပြီး ကြိမ်နဲ့ရိုက်လို့ ဘာအကျိုးရှိတော့မှာတုံး"

"ကျွန်မလိမ်ပြောနေတုန်းက ကိုအောင်လှနည်းနည်းမှ မရိပ်မိဘူးလား"

"မရိပ်မိလို့လား ရိပ်မိရင်။ မင်းအဖေသေတောင် မသေရဘူး။ အကောင်းဆိုတဲ့ ဆရာဝန်နဲ့ ကုမှာပဲ"

"ဒီလိုဖြင့် ကိုအောင်လှ ကျွန်မကို တကယ်ချစ်တာပဲနော်"

"ဟောဒီနေရာမှာ အလုပ်ကပင်စင်ယူတော့ မြေးကလေးတွေအများကြီးနဲ့ နေရအောင် တိုက်ကြီးကြီး၊ ခိုင်ခိုင်ကြီးတစ်လုံး ဆောက်ဖို့ရန် မကြာမီ အုတ်မြစ်ကိုချရင် စိန် စိတ်ကျေနပ်ရော မဟုတ်လား။ အဲဒါ အချစ်၏အုတ်မြစ်လို့ မှတ်လိုက်ပေတော့။ မကြာစေရပါဘူး" ဟု စိန်ဖြူ၏ နားအတွင်းသို့ အချစ်၏စကားကို တအားသွင်းလိုက် ရှိလေသတည်း။

ကဝိတံခွန်မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၃၃ ခုနှစ်။

❑

mgyoe.com

mgyoe.com

## ရွှေသမက်

ခင်မြနှင့်လှဖေသည် ထိတ်လန့်ကြောက်ရွံ့သော အမူအရာနှင့် သေးငယ်သောအခန်းထောင့်မှာ တစ်ယောက်ကိုတစ်ယောက်ဖက်ကာ အပြင်ဘက်မှကြားရသော ဆူဆူညံညံအသံများကို နားထောင်ရင်း …

မြ မလိုက်ဘူး၊ မြအသေခံမယ်၊ ကိုလှဖေလျှော့မပေးနဲ့နော်၊ သူတို့နဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်မကိုယ်ကို မြပိုင်တယ်ဟု တုန်လှုပ်သော အသံနှင့် ပြောလေ၏။

အပေါ့တ်နော်–မြမလိုက်နဲ့နော်၊ မြသာမလိုက်ချင်ရင် ကိုကိုမလွှတ်ဘူး၊ ဘာဖြစ်ဖြစ် မြနဲ့ကိုကို့အချစ်ကို ဘယ်လူမှမခွဲနိုင်ပါဘူးဟု ပြောကာ ခင်မြကို လှဖေသည် ပွေ့ဖက်ကာအပြင်ဘက်ကို စောင်းငဲ့ကြည့်ရှုရင်း ပြောဆိုသံများကို နားစိုက်၍ ထောင်လေ၏။



mgyoe.com

mgyoe.com


ဒီအိမ်မှာရှိပါတယ်၊ အို–ညည်းညဏ်တွေပါ မယ်ပွင့်ရယ်။ ငါ့တူမကို အုတ်ကြားမြက်ပေါက်၊ ကလေကဝအကောင်နဲ့ ညည်းအောင်သွယ်ပေးပြီး အခုအိမ်မှာ လက်သင့်ခံပေးတယ်။ မယ်ပွင့်ရယ် ညည်းညဏ်လောက်မျှားဖြစ်ရင် ဒီအရပ် မျက်ခုံးတွေပေါ်မှာ စကြံလျှောက်မနေဘူး မှတ်လိုက်ပါ။ ခင်မြအခုထွက်ခဲ့ဟု အရိုးဖြစ်သူဒေါ်ပိုက ထဘီကို တိုတိုဝတ်ကာ ခေါ်လေ၏။ ၄င်း၏ညီမပွဲကတော်ဒေါ်စိုက စကားမပြောဘဲ နိမ့်သောကြမ်းခင်းအိမ်ကလေးပေါ်ကို ခုန်၍တက်လာပြီး အခန်းထဲသို့ဝင်လေရာ လှဖေ၏ရင်ခွင်၌ ခင်မြကို မြင်လျှင်မြင်ချင်း ဒေါသအမျက် နဂါးမီးပွက်သလို တချောင်းချောင်းထွက်လျက် ဆဲဆိုကြိမ်းမောင်းကာ ထဘီကို ဒူးအထက်ပင့်မြှောက်ပြီး ကြက်ခွတ်သလို ဒေါကြီးမောကြီး လောကြီးကြီးနှင့် ခြေနှစ်ဖက်နှင့်စုံခတ်ရာ ကြမ်းပေါ်၌ တစ်တောင်ခန့်မြင့်တက်ပြီး ပက်လက်ထိုင်ကာကျပြီး ဝါးကြမ်းခပ်ဆွေးဆွေးမှာ တစ်ပိုင်းကျွံ၍ကျအောင် ကျိုးပဲ့၍သွား၏။

လှဖေသည် ဒူးတွေပေါင်တွေပေါ်လျက် ခြေနှစ်ချောင်း မိုးမျှော်ကာ ခြေကလန်လက်ကလန်ဖြစ်၍နေသော ဒေါ်စိုကို မြင်သောအခါ ခင်မြကိုဖက်ရင်း ရယ်မောလျက် အခန်းဆောင့်မှာ ခင်မြကိုထားခဲ့ပြီး ဒေါ်စိုကိုလာ၍ တအားနောက်မှနေပြီး ပွေ့ထူရင်း အပေါက်ထဲမှ ဆွဲထုတ်ရန် ကြိုးစားလေ၏။

သို့ကြိုးစားရာ ဒေါ်စိုက အကူအညီကို မလိုမှု၍"ဖယ် ဖယ် မင်းငါ့ကို မထိနဲ့၊ မင်းငါ့ကို လက်ဖျားနှင့်မထိပါနဲ့၊ ကျွတ်ကျွတ် အမယ်လေးတော့" ဟု ညည်းလေ၏။

ထိုအခိုက် ဂန်း ဂန်း ဂန်း ငန်း ငန်း ငန်း ဟု ထိတ်လန့်တကြားအော်ကာ အိမ်အောက်၌ဝပ်၍နေသော ဘူလီခေါ် ခွေးသားအုပ်မက ဒေါ်စို၏တင်ပဆုံကို ခဲလေ၏။

သို့ခဲကြောင်းကို လှဖေသိရလေရာ မထိနဲ့ မကိုင်နဲ့ဟု တားမြစ်ပိတ်ပင် ကန့်ကွက်ခြင်းပြုသော ဒေါ်စို၏ဖြစ်ပုံ လျစ်လျူရှုကာ မနေနိုင်သဖြင့် လက်မောင်းနှစ်ဖက်အောက်၌ မိမိ၏သန်မာသော လက်နှစ်ဖက်ကို လျှိုကာ

mgyoe.com

mgyoe.com

အတင်းအပေါက်မှဆွဲ၍ ထုတ်လေ၏။

သို့ဆွဲ၍ထုတ်ခိုက်တွင် လွှတ်လွှတ်နင်ငါ့ကို မထိနဲ့ ဖယ်ဖယ်ဟု ဒေါ်စိုက အော်ရင်း ကြမ်းပေါက်ကြားမှ ဒေါ်စိုသည် လွတ်မြောက်ခြင်းကို ရရှိလေ၏။

ထိုအခိုက် ဒေါ်စို၏အသံကို ကြားရသဖြင့် လှဖေ ဒေါ်စိုကို သိပ်လုပ်နေပြီဟု မှတ်ထင်ကြလျက် အခန်းထဲကို ပြေးဝင်၍လာကြလေ၏။

သို့လာရာ ဒေါ်စို၏ကိုယ်၌လည်းကောင်း လှဖေ၏ခြေထောက်များ၌လည်းကောင်း သွေးများကို မြင်ကြရသဖြင့်တစ်ကြောင်း၊ လှဖေ ဒေါ်စိုကိုကိုင်လျက် ရှိသေးသည်ကို မြင်ကြရသဖြင့်လည်းကောင်း ထိတ်လန့်ကာ မကြည့်ဝံ့ကြဘဲ အော်လျက်ပြန်၍ထွက်ပြီး လာကြပါဦး လာကြပါဦး၊ ဒေါ်စိုကို ဓားနဲ့ထိုးလို့ပါ၊ ဓားနဲ့ထိုးလို့ပါ စသည်ဖြင့် ထိတ်လန့်တကြား အော်ကြဟစ်ကြလေ၏။

ထိုအခါ လှဖေက ဒေါသထွက်လျက် ခင်ဗျားတို့ ဘာတွေမဟုတ်တမ်းတရားအော်တာလဲ၊ သူများကို အင်မတန်ထောင်ချချင်သလား။ ခင်ဗျားတို့ မိန်းမကြီးကို လှန်ကြည့်ကြဦး၊ သူ့ဘာသာသူ ဆယ့်နှစ်ရာသီမကြီးလားလဲမသိဘူး၊ ဘယ်မှာလဲ ဓားဟု လုံချည်များကို ဖြည့်၍ခါပြလေ၏။ လက်ဝါးများကို ဖြန့်ကာ မျက်လှည့်ပြသူ စကားဖန်ထိုးသလို ပြောဆိုနေလေ၏။

ထိုအခိုက်တွင် ဒေါ်စိုသည် ခင်မြ၏ဆံပင်ကို ဒရွတ်ဆွဲကာ လာခဲ့တိရစ္ဆာန်မက မြင်းရာဇကာ၊ အကုန်ပါအောင် ဆဲဆိုလျက် အတင်းထုတ်၍လာလေရာ ကြမ်းပေါ်၌ သွေးစက်များကို မြင်ရမှ ဒေါ်စိုသည် ခင်မြကိုလွှတ်ကာ အမယ်လေးတော့ လာကြပါဦး သူပါပဲတော့ ကျုပ်ကိုဓားနဲ့ထိုးတာပါတော့ဟု အော်လေ၏။

ရှေးဦးပထမ မွှန်နေသောကြောင့် ခွေးကိုက်သည်ကိုလည်း မသိ၊ အပြင်၌ ဟစ်အော်ပြောဆိုနေကြသည်ကိုလည်း မသိဘဲ ခင်မြကိုသာအတင်းဆွဲလွဲ၍နေသဖြင့် ယခုအပြင်ကိုရောက်မှ မိမိကိုယ်မှ သွေးထွက်ကြောင်း သိရ

mgyoe.com

mgyoe.com


လေရာ မိမိကိုယ်ကို စားထိသည် မှတ်ထင်လျက် လွန်စွာထိတ်လန့်ပြီး ခင်မြကို လွှတ်လေ၏။

ထိုအခါ ပရိသတ်များ ထိတ်လန့်ကြပြီးလျှင် ဒေါ်စိုကိုဝိုင်းအုံ၍ ကြည့်ကြလျက် ဒဏ်ရာကိုရှာကြလေရာ ဒဏ်ရာကို မတွေ့ရဘဲနေလေ၏။

လူကြီးတစ်ယောက်က သွေးစိုသော နေရာမှာအောက်ပိုင်း၌များ သည်ကို တွေ့လတ်သောအခါ အလို မစို၊ ဟဲ့ နေကြစမ်းပါဦး ဒါမဟုတ်သေး ပါဘူး၊ မစို ခြောက်ဆယ်ကျော်မှ ကံပေါ်မလို့ ထင်တယ်ဟု ပြောရာ ဒေါ်ပို သည် တင်ပါးကို ကိုင်းစမ်း၍ကြည့်လေလျှင် ဒဏ်ရာကိုထိသဖြင့် စပ်သလို ပူသလိုဖြစ်သောကြောင့် အမယ်လေး ဒဏ်ရာတွေ့ပါပြီတော့ တင်ပါးကိုထိုး တာပါဟု ပြောလေလျှင် ဝိုင်းလာ၍ကြည့်ရှုကြရာ အပေါက်များကိုတွေ့ကြရ သဖြင့် အံ့အားသင့်၍ နေကြလေ၏။

ထိုအပေါက်များမှာ စားရာနှင့်မတူ သုံးလေးပေါက်ဖြစ်၍နေသည်ကို တွေ့ကြရလေ၏။

လှဖေက မိမိတစ်စုံတစ်ရာမလုပ်ရကြောင်း ပြောလေ၏။ ခင်မြ ကလည်း လှဖေမှာ လက်နက်တစ်စုံတစ်ရာမပါရှိကြောင်း၊ မိမိ၏မိခင်ကို လှဖေနောက်ကနေပြီး ပွေ့ရုံသာပွေ့ကြောင်း၊ ထိုးတာ ကြိတ်တာကို မိမိမမြင် ရကြောင်းနှင့် ပြောလေ၏။

ထိုအတွင်း အိမ်ရှင်မပွင့်က နေရာကို ပြေး၍ကြည့်ပြီး အောက်၌ ခွေးသားအုပ်ကို မြင်သဖြင့် တခြားဟာမဟုတ်ဘူးတော့၊ အောက်မှာ ခွေးမ ဘူလီ ခွေးကလေးတွေ မွေးနေတယ်။ ဒေါ်စို ခုတင်ကအခုန်မှာ ဘာဖြစ်တာလဲ ဖင်ကျွံကျလို့လားပဲ၊ ခွေးမက ဆီးကိုက် လိုက်တာနဲ့တူတယ် ဟုပြောလေ ၏။

ထိုအခါ ဒေါ်စိုကို အနီးရှိ အိမ်တစ်အိမ်ပေါ်သို့ ဆွဲတင်ကာ ဝမ်း လျားမှောက်ခိုင်းကြပြီး ဆေးဝါးများ ထည့်ကြ၍ ဒေါ်စို၏တင်ပါးကို ဆေးဝါး ကုသ မန်းကြမှုတ်ကြလေ၏။ ထိုအခိုက်တွင် အရီးဖြစ်သူဒေါ်ပိုက ..

နင့်ကြောင့် ဖြစ်တာဟဲ့..ကံမြင်းမရဲ့။ နင်ကမြင်းလို့ အမေတစ်

mgyoe.com

mgyoe.com

ယောက်လုံး ခွေးကိုက်ခံရတာမြင်ရဲ့လား။ ဘာမ ညာမ ဒီလောက်ကမြင်းတဲ့ ကောင်မကို အိမ်ကျမှ ပေါင်နှစ်ချောင်း နင်းဖဲ့မယ်။ လာခဲ့။ အမျိုးယုတ်မ၊ ငါတို့အမျိုးမှာ ဒါမျိုးမရှိဘူး။ တိတ်တိတ်ပုန်း ကောက်ရိုးပုံသွားတတ်တဲ့ အမျိုးယုတ်မ။ နင့်အရီး မယ်သုံ–မယ်ပုံတို့လို နင်ကျင့်တဲ့တိရစ္ဆာန်မ။ နင့်ကို ဘာနဲ့ပေးစားမယ်၊ ညာနဲ့ပေးစားမယ် စသည်ဖြင့် ဆဲဆိုကြိမ်းမောင်းရင်း ဆံပင်ကိုကျားစီးသလိုစီး၍ ဆွဲလေရာ မြင်ရသော ပရိသတ်တို့က စုပ်သတ်ကာ လက်ဖျားခါကြလေ၏။ အချို့က အမယ်လေးကြောက်ပါရဲ့တော်။ ရုပ်ကြီးကိုက သရဲမကြီးလို စသည်ဖြင့် ပြောကြလေ၏။

ခင်မြသည် ရှန်းပြန်ကာ လှဖေကို ပြန်၍ကြည့်ရင်း ပါ၍သွားလေ၏။ လှဖေသည် မရှုမလှပါသွားသော ခင်မြကို ကြည့်ကာ ကရုဏာနှင့် ရင်ကို လက်တစ်ဖက်နှင့်မ၍ လက်တစ်ဖက်ကိုဆန့်လျက် လိုက်၍ ဆွဲမည်ပြုရာ ကြည့်ရှုသူတို့က လှဖေကို ဆွဲ၍ထားကြလေ၏။

လှဖေမှာ အံကြိတ်ကာ ဒေါသထွက်လျက် တစ်စုံတစ်ရာမှ မတတ်နိုင်ဘဲ အဝေးမှလှမ်း၍သာ ကြည့်၍နေရလေတော့သတည်း။

"ကောင်ကလေးနဲ့ ကောင်မလေးဖြစ်တာက လူမသိဘူး။ သူတို့ ညီအစ်မ ဒေါပွတာနဲ့ ရုပ်ကျော်ရွာကျော်ဖြစ်တာပါပဲ"

"ရုပ်ကျော် ရွာကျော်ဖြစ်ပြီး ကောင်ကလေးကစိတ်နာလို့ ထွက်သွားရင် ကောင်မလေး လင်ကံနှေးဖို့ဖြစ်တာပေါ့"

"ငွေဂုဏ် ကြေးဂုဏ်မနေဂုဏ်ကြီးပေလို့ တော်သေးတာပေါ့လေ"

"အင်း...မရှိဆင်းရဲ မိမွဲတာတို့များဖြစ်ရင် တံတွေးခွက်ပက်လက် မျောပေါ့။ မဖါးဥသမီးကလေး မယ်ရွှဲဖြစ်တာ ကြည့်ပါလား"

"မနဆိုတာ သခေါ်ရပါလေ။ ယောကျ်ားဆိုတာ ရေ့အလားအလာနဲ့ အခု ဒီလှဖေဆိုတဲ့ လူငယ်ကလေးဟာ တစ်ရပ်သား မျက်နှာတငယ်မို့ အခုလို နေပေမယ့်၊ လူရည်လူသွေးကြည့်မှပေါ့။ ဒီအရပ်သားအမျိုးအစားထဲက မဟုတ်ဘူး။ နောက်ဘာဖြစ်လာမယ် ဘယ်လိုအဆက်အနွယ်ဆိုတာ ဘယ်သူပြောနိုင်မှာတုံး။ အခုကာလသမီးရှင်များ ဘယ်လောက်ပဲ

mgyoe.com

ချမ်းသာစေကာမူ ယောကျ်ားကလေးများကို ပစ်ပစ်ခါခါ အရမ်းပြောရင် နောင်ခါကျတော့ မှားတတ်တာမျိုးပဲ"

"ဒီသူငယ် ဘယ်ကလဲ"

"နည်းနည်းတော့ တေပုံရတာပဲ။ မိဘပစ္စည်းခိုးပြီး ကျောင်းပြေးရင်း သောင်တင်နေတယ် ပြောတာပဲ"

"ဒါနဲ့ ဒီသူငယ်မကလည်း ဘုမသိ၊ ဘမသိ ဆီးကြိုက်တာများ အံ့သြလို့ပဲ"

"သူငယ်ကလေးက ရုပ်ကြီးသား။ ရုပ်ကလေးကလည်း သနား ကမား။ တစ်ရုပ်သားဆိုတော့ မျက်နှာငယ်ငယ်မို့ မိန်းကလေးများ သနား တတ်တာပဲ။ သနားရာကစပြီး ရာဂရောက်တာနဲ့ တူပါရဲ့။ မပွင့်ကို ခင်မြ မိဘများ အရင်တော်တော် ယုံကြည်ကြတာပဲ"

"အဲဒီယုံတော့ ခက်တာမျိုးပဲ" စသည်ဖြင့် မိန်းမကြီးတစ်ယောက်နှင့် ယောကျ်ားကြီးတစ်ယောက်က လမ်းနံဘေး၌ ရပ်ကာပြောဆို၍နေလေ၏။

ထိုနေ့မှစ၍ ခင်မြကိုအိမ်၌ အကျဉ်းအကျပ်ထားကြလေရာ မတွေ့ ကြရတော့ချေ။ လှဖေမှာ ပုသိမ်နယ်၊ တောမြို့ကလေးသို့ရောက်ပြီးနောက် တစ်လမျှမကြာမီ ခင်မြနှင့်တွေ့ပြီး ချစ်ကြိုက်ခဲ့သည်မှာ ဒေါ်ပွင့်၏ကျေးဇူး ကြောင့် ငါးလကျော် ကြာခဲ့လေ၏။ ကျောင်းပြေးရင်း ခေတ္တအပေါင်းအသင်း နှင့် ပါ၍လာပြီး ခင်မြအတွက် မပြန်နိုင်ဘဲ ပျော်ပိုက်နေခြင်းဖြစ်လေ၏။ ယခုမှာ ဒေါ်ပွင့်၏အိမ်၌ အကြိမ်ကြိမ်တွေ့ကြသဖြင့် သမီးရည်းစားမကသော အခြေအနေသို့ရောက်၍ နေပြီးနောက် ရက်များမကြာမီ ပြေးဖို့ရန် ကြံကြရာ တွင် ဤကဲ့သို့ အမိခံကြရခြင်းဖြစ်လေ၏။

ခင်မြမှာ တစ်ရုပ်သားကို အကျိုးအကြောင်းမသိဘဲ ချစ်ကြိုက် ခြင်းမဟုတ်။ လှဖေ၏နေပုံထိုင်ပုံ၊ပြောပုံဆိုပုံကိုထောက်ချင့်သဖြင့်တစ်ကြောင်း လှဖေ၏ အကြောင်းကိုသိသောသူ အနည်းငယ်တို့ထံမှ ကြားသိရသည်အရ ကျောင်းဆရာကြီး၏ အထင်လွဲခြင်းခံရပြီး ထိုကျောင်း၌ မနေနိုင်အောင်ရှိနေ ခဲ့ရာ မိဘများက အတင်းထားသောကြောင့် ထွက်၍ပြေးလာရသည်ဟူသော

mgyoe.com

mgyoe.com


ပြစ်မှုမှတစ်ပါး အခြားအပြစ်ဆိုစရာ တစ်စုံတစ်ရာမရှိကြောင်းကို စိတ်ချလောက်အောင် သိရခြင်းဖြစ်သောကြောင့် တစ်ကြောင်း၊ မြင်လျှင်မြင်ချင်း ရှေးဖူးစာအပ်နှင်းခြင်းဟု စိတ်ချရလောက်အောင် အဘယ်အခါကမျှ မကြုံဖူးသော အချစ်ကြောင့်တစ်ကြောင်း စွန့်မိခြင်းဖြစ်လေ၏။

ခင်မြသည် ကိုလှဖေနှင့် မပေါင်းရလျှင် မိမိကိုယ်ကို သတ်၍သေမည်ဟု အတန်တန်ပြောလေ၏။

မိဘဆွေမျိုးများသည်ကား မိမိတို့နားချရာမပါသမျှ လွတ်လပ်ခွင့်မပေးဟု အကျဉ်းအကျပ်ထားရင်း လှဖေအပေါ်၌ ခင်မြစိတ်ပျက်အောင်အမျိုးမျိုး ကြိုးစား၍နေကြလေ၏။

လှဖေမှာ ထိုအရပ်ကိုစွန့်ခွာ၍ သွားဖို့ရန် သာလွန်ခက်ခဲခြင်းဖြစ်လေ၏။ ခင်မြကို မတွေ့ရသမျှ ထိုအရပ်မှမခွာ။ ဖြစ်ချင်သလို ဖြစ်စေတော့ဟု ဇွဲသန်စွာဒုက္ခခံ၍ နေလေ၏။

နေ့စဉ်မပြတ် ခင်မြ၏အိမ်ရှေ့၌ ကိုယ်ရောင်ကိုပြလေ၏။ အိမ်နောက်ဖေး လမ်းများမှ ချောင်းမြောင်းလေ၏။ ခင်မြဖခင် ပွဲစားကြီးသည်ကား ထိုကိစ္စ၌ တစ်စုံတစ်ရာဝင်၍မပြော။ သတ္တိဗျတ္တိနှင့် ပြည့်စုံသော ဆတ်ဆတ်ကြဲ ပွဲကတော်ကြီးနှင့် ၎င်း၏ အစ်မကိုသာ လွှဲ၍ထားဟန်ရှိလေ၏။

လှဖေ၏စိတ်၌ မိမိအတွက် ပူပင်သည်ထက် ခင်မြ အဘယ်ပုံ အကျဉ်းအကျပ်ခံ၍ နေရမည်ကိုသာ တွေးတောကာ သနားလေ၏။ အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော ပွဲကတော်ကြီးနှင့် ၎င်း၏အစ်မသည် ဧကန်ခင်မြကို ရိုက်နှက်ကြတော့မည်။ လူကြီးမိဘဆိုသည်မှာ ဤလိုအရာမျိုး၌ သားသမီးများအပေါ်တွင် အချစ်ကြီးသလောက် ပိုမို၍ ရက်စက်တတ်ကြောင်းကို ဆင်ခြင်ကာ စိတ်လက်မချမ်းမသာ စားဖို့ရန် သတိမရ၊ အိပ်၍ မှိတ်၍လည်းမပျော်။ ညအခါများ၌ ခင်မြ၏အိမ်နောက်ဖေး တောင်ပို့တစ်ခုပေါ်၌ ထိုင်ကာ နောက်ဖေးအပေါက်ကလေးကို ရှုမျှော်၍သာ နေရှာလေ၏။

သို့ပင်နေသော်လည်း အရိပ်အရောင်ကိုမျှ မမြင်ရချေ။ တစ်ညပြီး တစ်ည ထိုကဲ့သို့ စောင့်လေရာ ညသမားလူဆိုးများကပင် ၎င်းကိုမြင်ပြီး

mgyoe.com

mgyoe.com

သနားလျက် ၎င်းအား မည်သူမျှအနှောင့်အယှက်မပေး။သနားပါတယ်ကွယ်။ တစ်ရပ်သား အပူသည်ကလေးပါ။ သူ့ဘာသာသူ နေပါစေဟု ၎င်းကိုတွေ့သည့်အခါပြော၍ သွားကြလေ၏။ ထိုကဲ့သို့ပြောသည်ကို လှဖေကိုယ်တိုင် ကြားရလေ၏။



ထို့နောက် စိတ်လက်လေလွင့်ကာ လှဖေမှာ အရူးပမာ ထင်သလို စိတ်လွင့်ပါးတိုင်း တောသားတောလေတို့နှင့် ပေါင်းသင်းကာ ထင်သလို ဖြစ်၍ နေလေတော့သတည်း။

တစ်နေ့သ၌ ခင်မြအိမ်နောက်ဖေးကို ညနေချမ်းအချိန် ဖြတ်၍သွားရာ အိမ်နောက်ဖေး ၄က်ပျော ခြံ၌ ခင်မြတစ်ယောက်တည်း ဆံပင်ကို ဖျားလျားချကာ နှင်းဆီပန်းနီနီကြီးကို နဖူးအလည်တည့်တည့်မှာ ထိုးစိုက်လျက်၊ အနောက်ဘက် နေဝန်းကြီးကို ရှုမျှော်၍ နေသည်ကိုတွေ့သဖြင့် ရင်ထဲမှာ ဆို့၍သွားပြီး ဝင်းထရံအနားသို့ကပ်ကာ ခင်ခင်ဟု ရင်ကိုလက်တစ်ဖက်ဖိရင်း ထက်သန်သောအသံနှင့်ခေါ်လေ၏။

ခင်မြသည် မကြားရသလိုလုပ်ကာ နေကိုသာကြည့်မျှော်နေလေ၏။

၎င်း၏မျက်နှာမှာ နေရောင်ကြောင့်လား သွေးရောင်ကြောင့်လား မသိရ။ ဝင်းထိန်၍နေသည်ကို မြင်ရလေ၏။ ခင်မြစိတ်မှာ မိမိကဲ့သို့ ပူဆွေးလောင်ကျွမ်းခြင်းမရှိ။ ပျော်ပျော်ရွှင်ရွှင်ဖြစ်၍ နေသည့်လက္ခဏာအမူအရာကို မြင်ရလေ၏။

ခင်ခင်–ဘာဖြစ်လို့လဲ။ ဒီမှာ ဘာအပြစ်ရှိလို့လဲ ...ဟု ငိုတော့မလိုအသံနှင့် မေးလေ၏။

ခင်မြသည် ၎င်းကိုစိုက်ကာ စကားမပြောဘဲ တည်သောမျက်နှာ

mgyoe.com

mgyoe.com

ထားနှင့် ကြည့်၍နေပြီးမှ ချာကနဲနောက်ကို လှည့်ပြီး အိမ်နောက်ဖေး တင်းကုတ်အောက်ကို ဝင်၍သွားလေ၏။

လှဖေသည် အတန်ငယ်ကြာစွာ စိတ်ပျက်လျက်စောင့်၍ နေလေ၏။ သို့ပင် စောင့်သော်လည်း ခင်မြမပေါ်လာတော့သဖြင့် များစွာစိတ်ပျက်လေ၏။

သို့စိတ်ပျက်ပြီးနောက် ဒေါသထွက်လေ၏။ သင်း ...ငါ့အပေါ်မှာ စိတ်ကို ပြတ်သားပဲ။ လူကြီးများ သွေးဆောင်ရာကို ပါပြီ။ သင်း ...ငါ့ကို မချစ်တော့တူး။ သင်းကို ငါဘယ်အတွက် ခင်တွယ်ရမှာလဲ။ ငါက ငါ့လိုစိတ်သဘောထားတယ်မှတ်လို့။ ဒီရွာကိုတောင် မခွာနိုင်ဘဲ အဆင်းရဲခံ၍ နေခဲ့သည်။ သူကမှ မကြင်ဘဲ အခု ငါဘယ်တွက် ကြင်ရမှာတုံး။ သူငါ့ကိုမုန်းရင် ငါကပြန်မုန်းရမှာပေါ့။ အချစ်ကို အမုန်းနှင့်နိုင်အောင် ဖျက်မည်ဟု စိတ်ကို တင်းကာ လျှင်မြန်သောခြေနှင့် ထွက်ခွာ၍ သွားလေတော့သတည်း။

ထိုနေ့မှစ၍ လှဖေသည် ပျောက်ကွယ်သွားလေတော့သတည်း။

နောက်သုံးနှစ်ကျော် လေးနှစ်ခန့်ကြာ၍သွားလေ၏။ ခင်မြသည် လှဖေကို အဘယ်အခါမျှ မမေ့ချေ။ လူကြီးများက လှဖေ အကျင့်စာရိတ္တမကောင်း၊ဘိန်းစားသူခိုးတို့နှင့် ပေါင်းသင်းကာ ဘိန်းအိမ်ကိုပင် သွားကြောင်းပြောသဖြင့် ချစ်လျက်နှင့် စွန့်လိုက်ရခြင်းဖြစ်လေ၏။ လှဖေဘိန်းအိမ်ကိုသွားသည်ကို ခင်မြကိုယ်တိုင် မျက်မြင်လည်း ဖြစ်ခဲ့လေ၏။

ထိုဘိန်းအိမ်မှာ ခင်မြအိမ်နှင့် မျက်စောင်းထိုး သုံးလေးအိမ်ခြားမှာရှိလေရာ ညဉ့်လသာသာမှာ လှဖေ အဖော်များနှင့်အတူ ထိုအိမ်သို့သွားသည်ကို မြင်လိုက်လေ၏။ သို့ဖြစ်သောကြောင့် အိမ်နောက်ဖေး၌ လှဖေနှင့်တွေ့သောအခါ စကားမပြောဘဲ နေလိုက်ခြင်းဖြစ်လေ၏။

ယခုသည်ကား ထိုအစဦးဆုံးဖြစ်သော အချစ်ကို မမေ့နိုင်ချေ။ လှဖေအကျင့်စာရိတ္တ အဘယ်မျှပင် ပျက်စီးစေကာမူ တကယ့်အချစ်ကို ဖျောက်ဖျက်၍မရချေ။ အဖိုးထိုက်သော ပစ္စည်းရတနာမှာ အဘယ်မျှပင် ညစ်နွမ်းခြင်းဖြစ်စေကာမူ နှမြောသော စိတ်ကို ဖျောက်ဖျက်မရ၍ မိမိစုံမက်

mgyoe.com

mgyoe.com


သော အရာတစ်ခုပျက်စီး၍သွားခြင်းကြောင့် မမုန်းနိုင်ချေ။ ထိုညနေ၌ ခင်မြသည့် စကားပြောချင်လျက်နှင့် စိတ်ကို အနိုင်နိုင်ချုပ်တည်း၍ ထားလိုက်ရခြင်း ဖြစ်လေ၏။

ယခုမှာကား လှဖေမရှိတော့သဖြင့် ပြန်လှန်တွေးတောသည့်အခါတိုင်း နောင်တရလေ၏။ ယခုအဘယ်မှာ ရှိပါလိမ့်မလဲ။ အဘယ်လိုနေပါလိမ့်မလဲ။ အစဉ်တစိုက်ပျက်စီး၍ သွားလေမလား စသည်ဖြင့် တွေးတောလျက်သာ နေရလေ၏။

မီးရထားရုံမှ ရွာကိုလာသောလမ်းမှာ လူများဖြတ်၍သွားသည်တိုင်အောင် မျှော်ကြည့်ရာ မတွေ့ရတော့သည့်အခါကျမှ ဟီးချကာစိတ်ကို လျှော့ရလေ၏။

သို့သော်လည်း မျှော်လင့်ခြင်း၏ ဆီမီးကလေးသည်ကား ရင်ခွင်၌ အမြဲလိုလိုမှိတ်တုတ် မှိတ်တုတ်နှင့် နေလေ၏။ အိမ်နောက်ဖေး ငှက်ပျောခြံ၌ရှိသော ခုံတန်းလျားကလေးမှာထိုင်ကာ အချုပ်အလုပ်၊ ဇာပန်းထိုးခြင်း အလုပ်များကို လုပ်ရင်း မီးရထားသံကိုသာ သတိထား၍ နေလေ၏။ နောက်ဆုံး မီးရထားလွန်၍ လှဖေမပေါ်လာသောအခါကျမှ အလုပ်ခြင်းကလေးကိုကိုင်ကာ အိမ်ပေါ်ကို ပြန်တက်လေ၏။

ခင်မြကို စပ်လာသူ ဂုဏ်သရေရှိယောက်ျားတွေ မြောက်မြားစွာလာကြ၏။ ခင်မြမှာ ပထမဦး ရည်းစားရှိကြောင်း၊ ထိုရည်းစားနှင့် အိမ်တစ်အိမ်အခန်းထဲ စခန်းသွားနေကြသဖြင့် မနည်းကြီးကွဲအောင် အတင်းခွဲခွာခဲ့ရကြောင်းများကို နီးဝေးအရပ်ဟူသမျှက သိကြ၏။ သိပင် သိသော်လည်း ဥစ္စာစည်းစိမ် ဂုဏ်အရှိန်ကြောင့် ထိုသတင်းများအတွက် ခင်မြမှာ ဂုဏ်အသရေ မပျက်ချေ။ ထိုက်ထိုက်တန်တန် ယောက်ျားများသည် ၎င်းကိုမက်လျက်ပင် ရှိကြလေ၏။

ခင်မြသည်ကား မည်သူ့ကိုမျှ မမက်နိုင်တော့ချေ။ ခင်မြနှလုံးသားအတွင်း၌ လှဖေအတွက် နေရာကလေးတစ်ခုသာ ရှိလေ၏။ အခြားနေရာလွတ် မရှိချေ။ ခင်မြ စိတ်နှလုံးသည် အချစ်အရာ၌ တစ်ခန်းတည်းသောအိမ်

mgyoe.com

mgyoe.com

နှင့်တူ၏။ အဆောင်ဆောင် အခန်းခန်းများစွာတို့နှင့် လှူပေါင်းများစွာတို့ကို အငှားတင်သောအိမ်မျိုး တိုက်မျိုးမဟုတ်ပေ။ လှဖေပင် ထွက်၍သွားသော်လည်း လှဖေ၏ ပစ္စည်းကျန်ရှိလေ၏။ ထိုပစ္စည်းရတနာမှာ လှဖေ၏အချစ်ဖြစ်လေရာ ထိုထူးမြတ်သော နေရာမှာ အခြားမည်သူမျှ ဝင်ခွင့်မရ။ ကျူးကျော်ခွင့်မရှိ။ ထိုနေရာကို ခြေရာမပျက်၊ လက်ရာမပျက် သန့်ရှင်းသော ကျောင်းသင်္ချိုင်းပမာ ထားရလေ၏။ ထိုနေရာမှာ သုံးနှစ်ကျော်လေးနှစ်ခန့်ရှိသော်လည်း အခြေမပျက် ပိုင်ရှင်ပြန်၍ လာမည်အတွက် အသင့်ထားရှိသကဲ့သို့သာ ဖြစ်၍နေလေ၏။

တစ်နေ့သ၌ ခင်မြတို့အိမ်သားများ အိမ်ရှေ့ခန်း၌ စကားပြောနေကြစဉ် လူတစ်ယောက် အိမ်ရှေ့သို့ရောက်၍ လာလေ၏။ ၎င်းလူမှာ ထူထဲသော နှုတ်ခမ်းမွေးမရှိလျှင် ငယ်ငယ်ရွယ်ရွယ်မျှပင် ရှိပေမည်ဟု မှတ်ထင်ရလေ၏။ မျက်မှန်မှာ နေရောင်ကာ ဆားပိတ်မျက်မှန်ကြီးဖြစ်၏။ ရှမ်းခမောက်၊ ရှမ်းဘောင်းဘီကိုဝတ်လျက် အရာရှိတစ်ယောက်ယောက် ဖြစ်လေသလားဟု မှတ်ထင်ဖွယ်ရှိလေ၏။

သို့သော်လည်း အောက်အရပ်၌ အရာရှိများသည် ယခုအခါ ရှမ်းဘောင်းဘီ၊ ရှမ်းခမောက်ကို သုံးလေ့မရှိ။ နှစ်ပေါင်းလေးဆယ်ကျော်ခန့်အခါကသာ ရှမ်းခမောက်၊ ရှမ်းဘောင်းဘီနှင့် အရာရှိများကို အောက်မြို့၌တွေ့ကြုံရလေ၏။ သို့ဖြစ်လေရာ ၎င်းလူသည် အရာရှိဖြစ်ချေက အထက်မြို့ကျေးလက်မှ အောက်အရပ်သို့ပြောင်း၍လာစဖြစ်လေမလား။ သို့မဟုတ် အထက်အရပ်က အရာရှိတစ်ယောက်ယောက် အောက်အရပ်ကို ကိစ္စနှင့်ရောက်လာခြင်း ဖြစ်လေမလားဟု တွေးတောကာ စဉ်းစား၍ နေကြလေသည်။

၎င်းလူသည် အိမ်တံစက်မြိတ်အောက်သို့ ရောက်သောအခါ ဒေါ်စို၊ ဒေါ်ပိုတို့ ဒီတဝိုက်မှာရှိတယ်လို့ ကြားရပါတယ်။ ဘယ်အိမ်ဖြစ်ပါသလဲဟု မေးလေ၏။

ခင်မြသည် ၎င်းလူကို စိုက်ကာကြည့်၍နေလေ၏။ ထိုလူကလည်း

mgyoe.com

mgyoe.com


တစ်ချက်တစ်ချက် ခင်မြကို လျှင်မြန်စွာ ကြည့်လေ၏။

ခင်မြ၏စိတ်၌ တစ်နေ့သ၌ လှဖေပေါ်လာလိမ့်မည်ဟု အမြဲမျှော်လင့်နေလေရာ လူတစ်ယောက်ယောက်ပေါ်လာလျှင် ကိုလှဖေထင်ပါရဲ့ဟူ၍သာ ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်လေ့ရှိ၏။ ထိုလူမှာကား အလုံးအရပ်မှာ လှဖေနှင့် အတော်တူသဖြင့် ၎င်း၏ကိုယ်ဟန် အမူအရာကိုမြင်ရရုံနှင့် ခင်မြ၏ ရင်ထဲမှာ ဖိုလှိုက်၍သွားလေ၏။



၎င်းပြင် ခင်မြမှာ ကာလပေါ်ဝတ္ထုများကို အတော်ပင် ဖတ်ဖူးသူဖြစ်လေရာ အချို့သော အလွမ်း အဆွေးဝတ္ထုများကို ဖတ်ရာ၌ မိမိကိုယ်ကို ဇာတ်လိုက် မိန်းမပျိုကလေးများကဲ့သို့ မှတ်ထင်မိလေရာ ထိုဆန်းကြယ်သော ဝတ္ထုသွားများ၌ ဖြစ်ပျက်တွေ့ဆုံရသော နည်းမျိုးအတိုင်း လှဖေနှင့် ပြန်၍များ တွေ့ရလေမည်လားဟု တစ်ခါတစ်ခါ အတွေးနှင့် တရေးရေး ထင်မြင်ကာ လွမ်း၍နေလေ၏။

အိမ်သားများက ဒေါ်ပို၊ ဒေါ်စိုတို့၏အိမ် ဤအိမ်ပင်ဖြစ်ကြောင်း ပြောလေရာ ဧည့်သည်မှာ အားရဝမ်းသာ ဝင်၍လာပြီး စာတစ်စောင်ကိုပြလေရာ ထိုစာကို ခင်မြယူ၍ ဖတ်လေ၏။ သို့စာကိုယူသောအခါ လက်ချင်း ထိမိလေရာ နှုတ်ခမ်းမွေးနှင့်ဧည့်သည်၏ မျက်လုံးများမှာ ဝင်းလက်၍သွားသည်ဟု ခင်မြ၏စိတ်၌ မှတ်ထင်လိုက်လေ၏။ ခင်မြ၏ ရင်ထဲမှာလည်း နွေးခနဲဖြစ်၍ သွားလေ၏။

၎င်းစာမှာ အထက်ရွှေဘိုနယ်ရှိ ခင်မြဖခင်၏ ညီဖြစ်သူ ဦးလွန်းထံမှ ပေးလိုက်သောစာဖြစ်လေရာ ၎င်းစာယူလာသူမှာ မိမိ၏မိတ်ဆွေ အစိုးရ

mgyoe.com

mgyoe.com

အမှုထမ်းတစ်ယောက်ဖြစ်ကြောင်း၊ ဤအောက်အရပ်သို့ ကိစ္စတစ်ခုခုနှင့် လာရောက်သဖြင့် ၎င်းအား တည်းခိုနေထိုင်လိုက ကောင်းမွန်စွာ ဂရုစိုက်ပြုစု၍ အစစအရာရာ ကူညီရိုင်းပင်းခြင်းပြုဖို့ အကြောင်းဖြစ်လေ၏။

ထိုစာကို ဖတ်ကြရသောအခါ ၎င်းကို ဝမ်းသာအားရနေပါ။ ထိုင်ပါ။ ကိုယ့်အိမ်လို သဘောထားပါ စသည်ဖြင့် ဧည့်ဝတ်ကျေအောင် ပြုကြလေ၏။ ဒေါ်ပိုက မောင်ရင်က အထက်မှာ ဘယ်လိုအရာရှိပါသလဲဟု မေးလေ၏။

"ကျွန်တော် သစ်တောဘက်ကပါ" သစ်တောအကြောင်းနဲ့ပတ်သက်ပြီး အောက်အရပ်မှာ စုံစမ်းဖို့ရှိသည်အတွက် အောက်မြန်မာပြည် သစ်တောနယ် ရှိသမျှကို လှည့်လည်ကြည့်ရှုဖို့ အမိန့်ရောက်လာကြောင်း ပြောလေ၏။

စို။ "ဒီလိုဖြင့် တောအုပ်များလား"

"တောအုပ်မဟုတ်ပါဘူးခင်ဗျာ။ သစ်တောအရာရှိ အငယ်ထဲကပါ။ သစ်တောဝန်ထောက်ကလေးပါ"

"နို့ နောက်လိုက်နောက်ပါများ မပါဘူးလား"ဟု ဒေါ်စိုကမေးရာ နောက်လိုက်နောက်ပါများ တော်တော်မိုးချုပ်မှရောက်လိမ့်မည်အကြောင်းနှင့် ဧည့်သည်က ပြောလေ၏။

"အားနာစရာ၊ အဒေါ်တို့အိမ်က ...."ဟု ဒေါ်စိုကပြောရာ ဒေါ်ပိုက လက်ကုတ်လျက် နားနားကပ်ပြီး ဝန်ထောက်တော့ စကားသတိထားပြောမှပေါ့ဟု ပြောပြီး ဝန်ထောက်ဘက်သို့လှည့်ကာ "ဘုရားကျွန်မများအိမ်မှာတော့ တောခလေ့မို့ ခမ်းခမ်းနားနားနေရာမရှိသည်အတွက် အားနာစရာကောင်းတာပါပဲ"ဟု ပြောလေ၏။

"အို ...ကိစ္စမရှိပါဘူး။ တစ်ရက်နှစ်ရက်တည်းပါ။ ကျွန်တော်လည်း အစိုးရအမှုထမ်းပေမယ့် အထက်အညာအရာရှိမို့ ရိုးရိုးပဲနေတတ်ပါတယ်"

"ဗိုလ်တဲတော့ ရှိပါတယ်။ နို့ပေမယ့် ဗိုလ်တဲဆိုတာ ဥရောပတိုင်းသား အရာရှိတစ်ယောက်ယောက် မတော်တဆရောက်လာရင် တစ်ယောက်

mgyoe.com

mgyoe.com


ကိုတစ်ယောက် အနှောင့်အယှက်ပေးသလိုဖြစ်မှာစိုးလို့ ရွာကို လာရတာပဲ။ တစ်ရက်၊ နှစ်ရက်အတွက် တော့ မထူးတော့ပါဘူး"

ထိုညဥ့်အထက်ရွှေဘိုနယ်ရှိသော ခင်မြတို့၏ဆွေမျိုးများအကြောင်းကို ပြော၍နေကြလေ၏။ ၎င်းဝန်ထောက်မင်းမှာ ခင်မြတို့၏ ဆွေမျိုးအားလုံးကို သိရုံမက ၎င်းကိုယ်တိုင်ပါ ခင်မြ၏ဦးလေးဘက်မှ ဆွေမျိုးနီးစပ်ဖြစ်၍ နေသည်ကို သိရသဖြင့် အားရဝမ်းသာပျော်ရွှင်စွာ စကားပြောကြရာ အတော်ညဥ့်နက်၍သွားလေ၏။

ဝန်ထောက်မင်းသည် အိမ်ပေါ်မှ မကြာမကြာအဝေးကိုလှမ်း၍ကြည့်ရင်း မိမိ၏လူများနောက်ကျကြောင်းကိုပြောလျက် အဘယ်အကြောင်းကြောင့် နောက်ကျသည်ကို တွေးတောကာ စိုးရိမ်ကြောင့်ကြသော အမူအရာကို ပြလေ၏။

ထိုအခိုက်တွင် လူပေါင်းလေးငါးခြောက်ယောက် လမ်းမ၌လျှောက်၍ သွားလာကြပြီး အိမ်ရှေ့၌ ရပ်၍နေကြလေရာ ဝန်ထောင်မင်းက "ဟေ့-လူတွေ၊ ဒီကိုလေ။ အောင်မယ်မင်း၊ ဘာဖြစ်လို့ ဒီလောက်တောင်နောက်ကျရတာလဲ"ဟုပြောရာ ၎င်းလူများသည် ဝန်ထောက်မင်း၏ အသံကိုကြားလျှင် အားရဝမ်းသာပြေးဝင်၍ လာကြပြီး "ဟာ-ဟိုဘက်ရွာက သူကြီးက မတူတယူရယ်လို့ စစ်ဆေးမေးမြန်းနေလို့ ကြာနေတာပါပဲ"

"ကိုင်း ...ကိုင်း။ တက်ကြ တက်ကြ" ဟု ဝန်ထောက်က ခေါ်လေ၏။ ဒေါ်ပို၊ ဒေါ်စိုတို့နှင့် အိမ်သားများကလည်း အားရဝမ်းသာ ခရီးဦးကြိုသောအခါ တစ်ယောက်က "ကိစ္စမရှိဘူး ကြာကြာမနေပါဘူး။ အိမ်သားများထိုင်ကြထိုင်ကြ၊ ငြိမ်ငြိမ်နေကြ' ဟုပြောရင်း ဓားများ၊ ခြောက်လုံးပြူးများကို ထုတ်ကြလေ၏။ ဝန်ထောက်မင်းသည် ခြောက်လုံးပြူးကို ခါးထဲမှထုတ်ပြီး အိမ်ခေါင်မိုးကို ပစ်ဖောက်လိုက်လေ၏။ အိမ်သားများမှာလွန်စွာ ကြောက်ရွံ့ကြသဖြင့် ငြိမ်လျက်ခေါင်းငုံ၍ နေကြလေ၏။

ဓားပြတစ်ယောက်ကတော့ သော့ကိုတောင်းရာ ခင်မြ၏ဖခင်ဖြစ်သူက "မောင်တို့ရယ် လူကိုချမ်းသာပေးကြပါ။ မောင်တို့သဘောရှိ တွေ့သမျှ

mgyoe.com

mgyoe.com




ကိုသာ ရှာဖွေယူကြပါတော့ အိပ်ရာအောက်မှာ ရှိပါတယ်"ဟု ပြောလေ၏။ တစ်ရွာလုံးမှာ တိတ်လျက်နေလေ၏။ အိမ်ရှေ့၌စောင့်သော ဓားပြသုံးယောက်သည်ကား သေနတ်ကို တစ်ချက်ပြီး တစ်ချက် ပစ်ဖောက်ရင်း မဆိုင်သူမလာနဲ့ ဆိုင်ရာကို ထွက်မယ်။ အသက်ကို နှမြောရင် ဘာသာနေကြ၊ မဆူကြနဲ့ ဆူရင် တစ်ရပ်လုံး မီးစာဖြစ်မယ်" စသည်ဖြင့် ဟစ်အော်ပြောဆို၍ နေလေ၏။

ဆယ်မိနစ်မျှမကြာမီ ပစ္စည်းများကို ယူ၍ပြီးကြလေ၏။ ခင်မြ၏ လက်ဝတ်လက်စားများကို ဝန်ထောက်ဆိုသူက ဖြုတ်လေ၏။ ငြိမ်ငြိမ်နေဟု နားနားသို့ကပ်ကာ ၎င်းကပြောသောအခါ ခင်မြမှာ ထိတ်ခနဲဖြစ်၍သွားလေ၏။ သို့သော်လည်း တူလို့ ထင်ပါရဲ့ ဟုတ်မယ်မထင်ပါဘူး။ ကိုလှဖေဖြစ်ရင် ငါ့ကို ဒီလိုလုပ်မယ် မဟုတ်ပေဘူး။ ကိုလှဖေ ဓားပြလူဆိုးလည်းဖြစ်မှာ မဟုတ်ဘူးဟုတွေးလေ၏။

"ကိုင်းထ မင်းလိုက်ခဲ့ရမယ်"ဟု ဓားပြတစ်ယောက်က ခင်မြကိုပြောလေ၏။

ခင်မြသည် တုန်လှုပ်လျက် လိုက်ပါ့မယ်၊ လိုက်ပါ့မယ် အသက်ကို ချမ်းသာပေးပါဟု ပြောရင်းထလေ၏။ ဝန်ထောက်ဆိုသူက ခင်မြလက်ကို ကိုင်ဆွဲ၍ အိမ်ပေါ်မှဆင်းမည်ပြုပြီး မဆင်းသေးဘဲ ရပ်ကာ "ကိုင်း သွားကြ၊ သွားကြ၊ မြန်မြန်လုပ်ကြပါဗျာ ခင်ဗျားတို့ တယ်ခွကျတာပဲ"ဟု အဖော်များကို ပြောပြီး တုပ်နှောင်၍ ထားသော အိမ်သားများဘက်သို့လှည့်ကာ "မဆူကြနဲ့နော်။ ဆူရင် သင်းကို သတ်ရလိမ့်မယ်"ဟု ပြောလေ၏။

ဘာမော်ကြည့်တာလဲ၊ ခေါင်းငုံ့နေဟုပြောပြီး ခြောက်လုံးပြူးကို အထက်သို့ မြှောက်ကာ ပစ်ဖောက်လိုက်လေ၏။

mgyoe.com

mgyoe.com


စားပြအဖော်များလည်း လမ်းမသို့ရောက်ကြလေ၏။ ခင်မြနှင့် ဝန်ထောက်ဆိုသူမှာ အိမ်တံစက်မြိတ်မှ မထွက်သေးချေ။ ခင်မြသည် တံစက်မြိတ်၌ လဲကျလေ၏။

"ထလေ..ဘာဖြစ်တာလဲ၊ ဒီခြောက်လုံးပြူးကို မြင်ရဲ့လား" ဟု ပြောကာပြရင်း ခင်မြ၏လက်ကို ကိုင်ဆွဲ၍ ထူလေ၏။

ထိုခဏချင်းတွင် သေနတ်သံတွေ ဆူညံ၍သွားလေ၏။ လမ်း၌ရှိသော စားပြများလည်း တစ်ယောက်ပြီးတစ်ယောက် တုန်းခနဲ တုန်းခနဲ လဲကျကြလေ၏။ ဝန်ထောက်မင်းဆိုသော စားပြသည်ကား ခင်မြကို အိမ်ပေါ်သို့ ပြန်၍ဆွဲခေါ်ပြီး အိမ်နောက်ဖေးသို့ ခင်မြကို ဆက်လက်ဆွဲ၍သွားလေ၏။

ခင်မြသည် လှဖေ၏ခြောက်လုံးပြူးကြီးကို ကိုင်ဆုပ်ကာ ဆွဲလုပြီး "စားကြီးနဲ့ ဘယ့်နှယ်လုပ်မလို့လဲ။ ကိုလှဖေ အဖော်တွေလည်း သေကုန်ပြီ၊ မိကုန်ပြီ။ ကိုလှဖေ ဘယ့်နှယ်ပြေးမလဲ" ဟု နှုတ်ခမ်းမွေးကို ဆွဲဖြုတ်ကာမေးလေ၏။

"ဘယ်ကိုမှ ပြေးစရာ မလိုဘူး။ ခင်တို့အိမ် စားပြများစီးမယ့်သတင်းကြားလို့ ကြံစည်တဲ့အကောင်တွေကို စုံထောက်ပြီး သူတို့နဲ့ရောပြီး ပူးသတ်တာ။ ဟိုပုလိပ်တွေက ကိုကိုအစောင့်ခိုင်းထားတဲ့ ပုလိပ်တွေ"

"နို့ ကိုကိုကဘာလဲ"

"ကိုကိုစုံထောက် အင်စပိတ်တော်ပေါ့။ ခင့်ကို သတိရလို့ လာရာမှာ သတင်းရလို့ ဒီနယ်ကပုလိပ်များကို ဝင်ကူတာပါ။ လာလာ ခင့်ဖေဖေနဲ့ မေမေ အခေါ်တို့ကို သွားပြီးလွှတ်ဦးမှပဲ" ဟု ပြောပြီး အိမ်ပေါ်ကို နှစ်ယောက်သား ပြန်၍တက်ကြလေ၏။

မကြာမီ ကြိုးများဖြည်၍ ပြီးကြသဖြင့် လှဖေကို မြင်ကြသောအခါ လွန်စွာအံ့သြ၍နေလေ၏။

ထိုအခိုက်ပုလိပ်အရာရှိတစ်ယောက်က "ကိုင်း ကိုလှဖေ နှစ်ကောင်တော့ ကိစ္စချောပြီ။ ကျန်တဲ့အကောင်တွေ ဘယ်လိုနေမယ် မပြောတတ်

mgyoe.com

mgyoe.com


သေးဘူး၊ ဂါတ်ကိုရောက်အောင် ခံပါ့မလားမသိဘူး။ လှည်းစိမ်မှပဲ"ဟု ပြောလေ၏။

လှဖေက ခင်မြဖခင်အား "ဦး..လှည်းသုံးစီးမြန်မြန်ပြင်ပါ။ ဦးပစ္စည်းတွေ ပြန်ရပါတယ်။ ဘာမှ စိတ်မပူပါနဲ့"ဟု ပြောလေ၏။

မကြာမီ ဓားပြများကို ဂါတ်သို့ပို့ရာ၌ ခင်မြနှင့်လှဖေမှာ နောက်ဆုံးလှည်းယာဉ်ကလေးတွင် နှစ်ယောက်တည်း လိုက်ပါ၍သွားကြလေ၏။

ဒေါ်စို၊ ဒေါ်ပိုတို့မှာ အားရဝမ်းသာ ဒါမှရွှေသမက်၊ အဖိုးတန်သမက်ဟု ရယ်မောကာပြောကြလေ၏။ ဒေါ်ပိုက "ကျုပ်တူမကလေးတော်။ ဒါနဲ့များ သုံးလေးနှစ် ကွဲနေရတာ၊ အသည်းနာလိုက်တာများ။ ကျုပ်အသိသား ဒီသူငယ် မခေဘူးဆိုတာ အစကတည်းက သိတယ်"

ဖခင်... "တယ်သိတယ်။ မပြောလိုက်ချင်ပါဘူး။ ဒီကောင်ကလေးအကြောင်း ငါကြားကတည်းက အကဲခပ်ရက် မျိုးရိုးမညံ့ကြောင်း ရိပ်မိလို့ ငါနင်တို့အထဲ စကားတစ်လုံးဝင်ပြောသလား။ အသွေးမြင် အသွင်သိတယ်"

"မပြောတတ်ပါဘူးအေ။ သူတို့အကြောင်းပါပဲ။ မောင်မင်းကြီးသားသူကယ်ပေလို့။ မကယ်ရင် ဒီပုလိပ်များလည်း တတ်နိုင်မှာမဟုတ်ဘူး။ စွန့်ပါပေတယ်။ စောစောကဖြင့် ငါသူ့ကိုတောင် မသင်္ကာဖြစ်လိုက်သေးတယ်..." ဟုပြောရင်း နောက်၌လိုက်လာသော လှည်းကလေးကို သုံးယောက်သားကြည့်နေခိုက်မှာပင် ခင်မြသည် လှဖေ၏ရင်ခွင်ထဲသို့ ရောက်၍သွားသဖြင့် သုံးယောက်သား ခေါင်းငုံ့၍နေကြလေသတည်း။

ကဝိတံခွန်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၃၃ ခုနှစ်။

❑

mgyoe.com

mgyoe.com

# အာဂ အဘိုးကြီး

မအေးသည် မိမိ၏ လှပပြောင်းညွတ် နုထွတ်ချောညက်၊ မြင်သူတိုင်း မောမက်ရသော မနိမ့်မမြင့် သန္တာန်ကို ကိုယ်လုံးပေါ်မှန်၌ ကြည့်ကာ နှမြောရှုနေလေ၏။ ဤမျှလောက် ရက်စက်သော မိဘများအပေါ်၌ အသည်းနာ၏။ ဤမျှလောက်လှပသော ကိုယ်ကို သက်ကြားအို၊ အရိုးပုံကြီး၏ ရင်ခွင်သို့ပို့အပ်ဖို့ရန် အတည်တကျ စီမံလိုက်သော မိဘထက်ရက်စက်သော မိဘသည် လောကမှာ ရှိနိုင်ပါမည်လား။ မအေးသည် အသက်နှစ်ဆယ်မျှ မပြည့်သေးချေ။ အလိုရှိတိုင်း ပြောင်းညွတ်၍ရသောကိုယ်မှာ နုပျိုသောသွေးသည် လတ်ဆတ်လျက်ရှိသေး၏။ မကြာမီ တစ်လလောက်အတွင်းမှာ ထိုနုပျိုသော အသွေးသည် သွေးအို၊ သွေးနာကြီးနှင့် ပေါင်းစပ်၍ နှီးနှောရတော့မည်တကားဟု တွေးဆကာ မိမိကိုယ်ကို နှမြောလှသဖြင့် မျက်ရည်များ



mgyoe.com

mgyoe.com


လည်း၍လာလေ၏။

မောင်တင်ကို သတိရလေ၏။ ကိုမောင်တင် အခုအနေများပေါ်လာရင် ငါအတင်းလိုက်မှာပဲ။ နောင်ခါကျမှ ဘာဖြစ်ဖြစ်၊ ဒီလို အိုနာကြီးထက်တော့ ကောင်းမှာပဲ။ ကိုတင်ရဲ့၊ ကျွန်မကို မကယ်နိုင်တော့ဘူးလား။ ကိုတင်ဘယ်မှာနေလို့ ကျွန်မအဖြစ်ကို မကြားမသိဘဲနေပါသလဲဟု မှန်ကြီးကိုဆောင်တိုက်မိကာ မျက်ရည်များကိုသုတ်ရင်း တမ်းတရှာလေ၏။ ထို့နောက် သူသိရင် ဒီလိုနေမှာ မဟုတ်ဘူး။ လာမှာပဲ ဟူ၍လည်း အောက်မေ့လေ၏။



မောင်တင်မှာ မအေးထက် ငါးနှစ်မျှကြီး၏။ ရုပ်ရည်သားနားခန့်ညား လှပ၏။ ပညာတတ်မြောက်၏။ လခ တစ်ရာကျော်လေးမျှရသော်လည်း ကြီးမြင့်ဖို့အလားအလာရှိ၏။ သို့သော်လည်း တစ်ခါတစ်ရံ အပေါင်းအသင်းများနှင့်အတူ ရန်ကုန်မြို့ မြင်းပွဲသို့ လိုက်ပါသည်ဟူသော သတင်းကြောင့် မအေး၏ မိဘများက မောင်တင်နှင့် မအေးကို မတွေ့ရအောင် ကျပ်တည်းစွာ ပညတ်၍ထားဆဲမှာ မောင်တင်သည် စိတ်ညစ်ပြီး ဒိစတြိတ်ရာဇဝတ် တရားသူကြီးရုံးမှထွက်လျက် ရန်ကုန်မြို့သို့ သွားရောက်၍ အလုပ်သစ်ကို လုပ်ကိုင်နေရာ တစ်ခါလည်းကျော်ရှိခဲ့လေ၏။ အဘယ်ပုံ နေထိုင်သည်ဟူသော သတင်းကိုမျှ မအေး မကြားရတော့ချေ။ မောင်တင်သည် မအေး၏ မိဘများကိုသာမဟုတ်။ မိဘစကားကိုနားထောင်မှုကြောင့် မအေးကိုပါ စိတ်နာ၍ သွားလေရာ မအေးအား စာမပေးဘဲ နေလေ၏။ သို့ပင် စာမပေးသော်လည်း ဆရာကြီး ဦးထွန်းအေး၏ကျောင်းမှာ နေကြသောအခါကစ၍ ချစ်ကြိုက်ခဲ့ရသော အချစ်မှာ တစ်နှစ်ခန့်မျှ မမြင်ရ၊ မကြားရရုံနှင့် အေး၍မသွားနိုင်။ ရန်ကုန်မြို့သား ပွဲစားအိုကြီး

mgyoe.com

ဦးဘိုးအိုနှင့် မိမိကိုပေးစားကြတော့မည့်ဆဲဆဲ ရှိသောအခါ မောင်တင်ကို သာ၍ သတိရလေ၏။ မောင်တင်၏ရင်ခွင်သို့ အကြိမ်ကြိမ်ရောက်ခဲ့ဖူးသော ဤနုနယ်သော ကိုယ်ကလေးသည် ယခုအခါ အဘိုးအို၏ရင်ခွင်သို့ ရောက် တော့မည့်ဆဲဆဲ ဖြစ်ပေတော့သည်တကားဟု တွေးမိသည့်အခါတိုင်း မောင် တင်ကို သတိရလေ၏။ မိဘများကလည်း မအေးယောကျ်ားမယူဘဲနေလျှင် တစ်နေ့သ၌ မောင်တင်ကြန်ပေါ်၍လာပြီး မအေးကို တနည်းနည်းနှင့် အရ ကြံလိမ့်မည်။ ကြံလျှင် မအေးမှာ အလောင်းအကစား မြင်းသမား၏ မယား ဖြစ်တော့မည်ဟု အောက်မေ့ကာ လွန်စွာစိုးရိမ်သောကြောင့် မအေး၏ ဖခင်ဖြစ်သူ ကိုယ်တိုင် ရန်ကုန်မြို့သို့ သွားရောက်ကာ သမက်ကောင်းရအောင် ရှာကြံခဲ့ခြင်းဖြစ်လေ၏။ ယခုသည်ကား နယ်ုန်လကုန်တော့မည်။ ဝါမဆိုမီ သက်ကြားအိုကြီးနှင့် တွဲရတော့မည်။ ဝါဆိုသောအခါ မယားချောချော ကလေးနှင့် အသားယူမည့် သက်ကြားကြီးနှင့်အတူတွဲကာ ဥပုသ်စောင့် သွားရတော့မည်။ သက်ကြားအိုကြီးနှင့် အတူယှဉ်၍ သီလခံရမည်။ သက်ကြားအိုကြီးနှင့် ယှဉ်ပြိုင်ကာ နောင်ရေစက်အတူ ဆုံဖို့ရန်အတွက် အလှူ ရေစက်အမျိုးမျိုးချရတော့မည် စသည်များကို တွေးမိသည့်အခါတိုင်း မသက်သာ ကျောရိုးထဲမှာ စိမ့်ခနဲ၊ စိမ့်ခနဲဖြစ်ပြီး ကြက်သီးမွေးညင်းများ ထမိလေ၏။ မတော်တဆ ဒီအဘိုးကြီးဟာ ငါလိုအပျိုကလေးကို ရသည် အတွက် ငယ်မူပြန်ကာ ဖန်စီရှပ်ကလေးနဲ့ ကျောက်ခက်ဆင် ခေါင်းပေါင်း ကြားကြား ပြောက်ပြောက်ကလေးနဲ့ ရှူးဘိနပ်ကိုဝတ်ပြီး လူပျိုကလေးများ လို ထက်မြန်လတ်ဆတ် တဖျတ်ဖျတ်လုပ်ကာ အို ...သူက ပျိုမူဆင်ပြီး ကလိန်းကလက် ရှိန်းပျက်ပျက်လုပ်မှဖြင့် တောက်တဲ့ကို ဖက်ရတာထက် ကြက်သီးထစရာ ရှက်ကိန်းကြီး ကျတော့မှာပါတကား စသည်ဖြင့်လည်း ဆင်ခြင်ကာတွေးရုံနှင့် ရင်ခွင်သို့ ဖားပြုတ်ဝင်သလို အခံရခက် နေရှာလေ၏။

ပွဲ့ကာ ဖက်ကာ နှုတ်ခမ်းမွေး ကြောင်ကြားကြားကြီးနှင့် ဟားဟား ဟဲဟဲလုပ်ခါ ဖြီးစပ်စပ်လုပ်မှဖြင့် အင်မတန်မှ အခံရခက်ပြီး သွေးဆုတ်၍ သေလောက်အောင် ကြောက်စရာကောင်းလှမှာပါတကား ဟူ၍လည်း

mgyoe.com


တွေးမိလျက် မခံမရပ်နိုင်အောင်ဖြစ်၍ နေရှာလေ၏။

သို့ထွေရာများစွာတို့ကို တွေးကာတွေးကာ မောင်တင်ကိုသာ တရေးရေး ထင်မြင်ကာ တမ်းတသော်လည်း မောင်တင်က မပေါ်လာ၊ အဘိုးကြီးနှင့် ထိမ်းမြားရမည့်ရက်သာ နီးကပ်၍ လာလေ၏။ နောက်ဆုံး အဘိုးကြီးကိုယ်တိုင် နောက်ပါအနည်းငယ်မျှနှင့် အိမ်ထောင်ပစ္စည်းကို ဆောင်ယူကာ ဆိုက်ဆိုက်မြိုက်မြိုက် ရွာသို့ရောက်လာပြီးလျှင် မအေး၏မိဘများနှင့် ချစ်ကျွမ်းဝင်သော ရွာသူကြီး ဦးအောင်ဖေ၏အိမ်၌ တည်းသည် ဟူသော သတင်းဖြစ်ကာ တစ်ရပ်လုံးမှာ အုတ်အော်ဒေးရ ဖြစ်၍သွားလေ၏။ နေရာတိုင်း လူစုတိုင်း မအေးနှင့်အဘိုးကြီးအကြောင်းကို ပြောကြလေ၏။ အဘိုးကြီးက ဘယ်လိုရုပ်ကြီးပဲ၊ ညာလိုရုပ်ကြီးပဲ၊ မျောက်အိုကြီးလိုလား၊ နံရံမှာ ပစ်ပြီး ကပ်ထားတဲ့ ရွှံ့ပြားကြီးနဲ့ တူတာကလား၊ လဒ္ဒူမုန့်ကြီးပဲ၊ သူ့မျက်နှာက မုန့်ပစ်စလက် နားရွက်တပ်ထားသလိုပဲ၊ သစ်ငုတ်တို ခေါင်းပေါင်းထားတာနဲ့ တူလိုက်တာ။ ခြင်းကြားကြီး ပုဆိုးစည်းထားတာနဲ့ မတူဘူးလား ဟူသော စကားမျိုးကို မအေးကို မရသော ကာလသားများက ပြောကြလေ၏။ မအေးမှာ ရှက်အားကြီးသဖြင့် အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ရဲဘဲ အိမ်အပေါ်ထပ် မိမိ၏အခန်း၌ နောက်ဖေးပြတင်းပေါက်ကို ဖွင့်ကာ အဘယ်ကိုဟူ၍ မိမိကိုယ်တိုင်မသိဘဲ မျှော်ငေးခေါ်တွေးရင်း မျက်ရည်ကိုသာ သုတ်၍ နေရှာလေ၏။

မိဘများ အကျိုးလိုသဖြင့် သမီးသားများအပေါ်၌ အဘယ်ပုံ နှိပ်စက်တတ်ကြသည်ကို မအေး၏ ဖြစ်ပုံကို ထောက်သဖြင့် သိနိုင်လေ၏။ မအေးကို တောင်းရမ်းဖို့လာသော အဘိုးကြီးသည်လည်း ရွာ၌ခေတ္တသာနေ၏။ အနီးရှိမြို့ကလေး၌ အချိန်ကိုများစွာ ကုန်လွယ်စေလေ၏။

တောင်းရမ်းမည့်နေ့မရောက်မီ အရင်တစ်နေ့ မွန်းလွဲအချိန်လောက်တွင် မအေးသည် ပြတင်းပေါက်မှ နောက်ဖေးကိုကြည့်၍နေလေ၏။ သို့ကြည့်၍နေခိုက်မှာ တစ်စုံတစ်ယောက်ကိုမြင်သဖြင့် မအေးသည် ထက်သန်သော စိတ်အားနှင့် လည်ကိုဆန့်ကာ ကြည့်လေ၏။ မအေး၏တစ်ကိုယ်လုံးမှာ

mgyoe.com

mgyoe.com

မငြိမ်မသက်ဖြစ်၍ နေလေ၏။ နှလုံး၏လှုပ်ရှားခြင်းသည် အဆရာထောင်ပိုမို လျှင်မြန်၍ သွားလေ၏။ မအေးသည် လှမ်း၍ခေါ်ချင်၏။ အသံကို ပြုချင်၏။ သို့သော်လည်း ခေါ်လည်းမခေါ်ဝံ့၊ အော်လည်းမအော်ဝံ့။ အကြောင်းမူကား



မောင်တင်သည် မိမိဘက်သို့ လှည့်၍ မကြည့်ဘဲ ခေါင်းငုံ့ကာ လက်နှစ်ဖက် ကို နောက်သို့ပစ်ပြီး မြေကြီးကိုသာ ကြည့်ကာ မြေပေါ်၌ တစ်စုံတစ်ရာကို ရှာသလို ခပ်ဖြည်းဖြည်း လှည့်လည်လမ်းလျှောက် လျှက်နေလေ၏။

ငါ့ကို သူမမြင်လို့လား၊ မြင်လျက် မမြင်ဟန်ဆောင်တာလား၊ ဘာလုပ်နေ ပါလိမ့်မလဲ၊ အကြံတစ်ခုခုများ ရှိလေသ လား၊ ငါ့ကိုအရကြံဖို့ လာတာများ ဖြစ်လေသလားစသည်ဖြင့် တွေးလေ၏။ မောင်တင်သည်ကား မအေးကို မကြည့်ဘဲ နေလေ၏။ အော်ရခေါ်ရလျှင် အခြားလူတွေကြားမှာ စိုးလေ၏။ သို့အတွက် မအော်ဘဲ နေရလေသ တည်း။ ထိုကဲ့သို့ အတန်ကြာ ကြည့်၍နေပြီးနောက် မောင်တင်သည် နောက် ဖေးလယ်ပြင်မှ တောစပ်သို့ ဝင်ကာ ပျောက်ကွယ်၍ သွားလေ၏။ မအေးမှာ မချိတရိ အသည်းမှာအိ၍ ကြွေတော့မလို ဖြစ်လေ၏။ အိမ်မှ တိတ်တဆိတ် ထွက်ကာ မောင်တင်ကို တွေ့အောင်ရှာရလျှင် ကောင်းမလားဟု ကြံမိလေ ၏။ သို့သော်လည်း မအေးသည် နာမည်နှင့်ညီစွာ သွေးအေးသူဖြစ်လေရာ စွန့်စွန့်စားစားလုပ်ဝံ့သူတစ်ယောက် မဟုတ်ချေ။ သို့ဖြစ်လေရာ ကြိတ်ကာ မီးတောက်လျက် ရင်ခွင်ထဲမှာ ဆူပွက်၍နေလေ၏။ အကြောင်းမူကား ချစ်သူ ၏ ရူပါရုံသည် စိတ်နောက်သောသူကို တမင်ရှုးအောင်လာ၍လုပ်သလို ဖြစ်နေလေ၏။

ထို့ပြင် မအေး၏စိတ်၌ တွေးတောပူပင်ဖွယ်ရာ အချက်တစ်ခုမှာ ကိုတင်မှ အစစ်အမှန် ဟုတ်ပါ့မလား။ ကိုတင် တစ်စုံတစ်ခုဖြစ်လို့ ငါ့အား

mgyoe.com

mgyoe.com

ကိုယ်ယောင်လာ၍ ပြတာများလား။ ကိုတင်အစစ်အမှန်ဖြစ်ရင် ငါ့အခန်းဘက်ကို ကြည့်ဖို့ရှိသည်။ ယခုမှာ တစ်ချက်မှ မလှည့်။ တစ်ချက်မျှ မကြည့်။ ကိုယောင်ပြတာနဲ့ အင်မတန်တူတာပဲဟု တွေးလေ၏။

သို့ တွေးတောနေခိုက်တွင် မောင်တင်ရှိစဉ်က အောင်သွယ်ဖြစ်ဖူးသော မောင်တင်နှင့်လွန်စွာချစ်သော မသီတာခေါ် မိန်းမကြီးသည် အခန်းထဲသို့ ရောက်၍လာလေရာ ဧကန်ကိုတင်က လွှတ်လိုက်တာပဲဟု မအေး၏ စိတ်၌ မှတ်ထင်၍ ဒေါ်သီတာကို စိတ်အားထက်သန်စွာ မျှော်ကိုးအားထားတစ်စုံတစ်ရာကို ကြားလိုသော မျက်နှာထားနှင့် အပါးတွင် အထိုင်ခိုင်းပြီး

"ကိုတင်နဲ့တွေ့သလား"ဟုမေးလေ၏။ "ဟင့်အင်း ဘယ်မှာလာလို့လဲ"

"ကျွန်မ ခုပဲမြင်လိုက်တယ်။ ဟောဟိုတောထဲကို ဝင်သွားတယ်။ အဒေါ်နဲ့ တကယ်မတွေ့ဘူးလား"ဟု အံ့အားသင့်သောမျက်နှာနှင့် မေးလေ၏။

"ကြားလည်းမကြားဘူး၊ တွေ့လည်းမတွေ့ဘူး။ တူမမျက်စိမှားလို့ထင်ပါတယ်။ မောင်တင်လာရင် အဒေါ့်ဆီရောက်မှာပေါ့"

"မျက်စိမမှားဘူး အဒေါ်။ ကျွန်မသေသေချာချာ မြင်ရတယ်။ လက်နှစ်ဖက်ကို နောက်ပစ်လို့ ကျွန်မဘက်ကိုတော့ တစ်ချက်မျှ လှည့်မကြည့်ဘူး ခေါင်းငုံ့ပြီး တောထဲဝင်သွားတာပဲ"ဟု ပြောလေ၏။

"တူလို့များလား တူမရယ်။ လူတူမရှားတဲ့"

"မဟုတ်ပါဘူးအဒေါ်။ အရင် သူဝတ်နေကျ ရခိုင်လုံချည်အစိမ်းကွက်ကြီးကို ဝတ်လို့။ သက္ကလပ်အင်္ကျီအညိုနဲ့ ခေါင်းပေါင်းမပါဘူး။ ဘိနပ်တော့ ရှေ့ထိုးဘိနပ်လို့ ထင်တာပဲ"

"အို ... ဒီလိုဖြင့် ဘယ့်နှယ့်လဲ။ အဒေါ်လည်း တစ်နေ့ညက သူ့ကို အိပ်မက်တယ်။ ရယ်မောလို့တဲ့။ ဘယ်လိုများ ဖြစ်ပါလိမ့်မလဲ။ တကယ်ဆိုတော့ ဘာပြုလို့ တောထဲသွားရမှာလဲ။ လာရင် အရပ်ထဲက တစ်ယောက်ယောက် သိရမယ်။ ဘယ်သူမှလည်း မြင်တယ်လို့ မကြားရဘူး"

mgyoe.com

နှစ်ယောက်သား စဉ်းစား၍နေကြလေ၏။ မအေးမှာ မျက်နှာများစွာ မသာမယာဖြစ်၍ နေလေ၏။

"နို့ ...အဒေါ် ဘာကိစ္စ လာတာ လဲ"

"ကိစ္စမရှိပါဘူး။ တူမကို မမြင်တာ ကြာလို့။ အဘိုးကြီးကို တူမ မြင်ရပလား"

"မမြင်ရသေးဘူး။ အဒေါ် မြင်ရသလား၊ အခု ရွာထဲမှာလား"

"ရွာထဲမှာ မရှိဘူး။ မြို့ကို ညကတည်းက သွားသတဲ့။ ပြန်လာပလား မသိဘူး။ အိုအိုပျို့ပျို့ တူမရယ်၊ နောက်ဆုံးကျတော့ မခြားပါဘူး။ ပျို့ပျို့ရွယ်ရွယ်တွေကတော့ စိတ်လည်းမချရဘူး"

"ကိုတင် စိတ်မချရဘူးလား"

"သူလည်း အလောင်းအစားကလေး ဘာလေးနဲ့ပဲ။ အခက်သား တူမ ရဲ့"

"ကိုတင် ပျက်စီးလောက်အောင် မလောင်းပါဘူး။ ဖေဖေတို့က အထင်လွဲတာပါ"

"အထင်လွဲတာလည်းတစ်ကြောင်းပဲ။ တိုက်တာခိုက်တာတွေကလည်းရှိတယ်တူမရဲ့။ ပြီးတာ ပြီးပါစေတော့အေ။လူကြီးများကတော့ ကောင်းစေလိုလို့ စီမံကြတာပါပဲ။ တူမ နောင်ခါကျမှ လူကြီးများကို ကျေးဇူးတင်မှာ"



"ဒါထက် ကျွန်မ ကိုတင်ကို တကယ်မြင်တာပဲ။ ကျွန်မဘက်ကို မကြည့်တာတစ်ခု ကျွန်မ မသင်္ကာဘူး။ ဘယ်လိုများ ဖြစ်ပါလိမ့်မလဲ"

"တစ်ခုခုများ ဖြစ်သလား။ ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ။ တချို့လည်း စိတ်တွေးအားကြီးရင် အတွေးခံရသူရဲ့မျက်နှာ မျက်စိထဲမှာ ထင်တတ်မြင်တတ်ပေါ်လာတတ်တယ်လို့ အဒေါ်ကြားဖူးတာပဲ"

mgyoe.com

mgyoe.com

"မပြော်တတ်ဘူးအဒေါ်။ ကျွန်မဖြင့် မြင်တာပဲ။ အဒေါ် စုံစမ်းကြည့်စမ်းပါဦး။ လာများလာသလားလို့"

"လာရင် ဘာလုပ်မလဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်မအတင်းလိုက်ပြေးမယ်။ ဒီအမဲခြောက်အိုကြီး ကျွန်မ မလိုချင်ဘူး"

"မတော်တာ မလုပ်ပါနဲ့ တူမရယ်။ အင်မတန် ချမ်းသာသတဲ့။ ငွေဆိုတာ လောကမှာ အရေးကြီးဆုံး တူမကြီးရဲ့။ တော်တော်ကြာ အဘိုးကြီး သေမှာ။ အပျိုကလေးကို အဘိုးကြီးယူတာဟာ သေဆေးကို တဖြည်းဖြည်း စားတာလိုပဲ တူမရဲ့။ စိတ်သာချ မြန်မြန်သေမှာ"

"မသေဘဲနဲ့ အာယုဝဍ္ဍနဆေးဖြစ်နေမှာတော့ အဒေါ်မမြင်ဘူး။ အမှည့်တဝင်းဝင်း အကင်းတပြုံ့ပြုံ့တဲ့ အဒေါ်ရဲ့။ ဒီလိုဟာမျိုးကြီးဟာ အင်မတန် အသက်ရှည်တတ်တာမျိုး။ ဒီလိုဖြင့် အဒေါ်လည်း မကယ်နိုင်တော့ဘူးပေါ့လေ"ဟု မအေးက ပြောလေ၏။

"အဒေါ်ဘယ့်နှယ် ကယ်ရမလဲ"

"ကိုတင်ကို ရှာပေးပါ"

"နက်ဖြန်နံနက် တူမနဲ့ အဘိုးကြီး ထိမ်းမြားရတော့မှာ။ ဒီအတွင်းမှာ မောင်တင်ကို တွေ့မယ်မထင်ပါဘူး။ တွေ့ရင်လည်း ဘာတတ်နိုင်မလဲ"

"တွေ့အောင်သာ ရှာစမ်းပါအဒေါ်။ တွေ့ပါလိမ့်မယ်။ တွေ့လို့ သူသာ လာမယ်ဆိုရင် ကျွန်မ ပြောင်ပြောင်ကြီး ဆင်းလိုက်မယ်"ဟု ပြောလေ၏။

ဒေါ်ဘိုတာလည်း ရှာပေးမယ်ဟုပြောပြီး ဆင်း၍သွားလေ၏။

မအေးသည် ထိုညဉ့်၌ တစ်ညဉ့်လုံး မအိပ်ဘဲ နေလေ၏။ မောင်တင်များ လာလေမလားဟု ပြတင်းပေါက်မှ တမျှော်မျှော်နေလေ၏။ ထိုညဉ့်မှာ လသာသဖြင့် မောင်တင်လာလျှင် မြင်နိုင်ဖို့ရှိလေ၏။ သို့သော်လည်း မမြင်ရချေ။ မမြင်ရသည်မှာ မလာသောကြောင့်ဖြစ်၏။ အဘယ်အတွက် မလာပါလိမ့်မလဲ။ ငါမြင်ရတာ အမှန်အစစ်ဖြစ်ပါလျက် သင်းမပေါ်လာတာ ဘာဖြစ်

mgyoe.com

လို့ပါလိမ့်မလဲ။ ငါ့ကို စိတ်နာလို့လား။ သူကပဲ စိတ်လျှော့လို့လား။ သေမျှား သေလေသလား စသည်ဖြင့် အမျိုးမျိုး တွေးရင်း လင်းအားကြီးမှ အိပ်ပျော်၍ သွားလေ၏။ နိုးသောအခါ အိမ်၌လှုပ်လှုပ်ရှားရှား အလုပ်တွေများ၍ နေကြလေ၏။ ဒေါ်သီတာသည် ပထမရောက်လာသူ ဖြစ်လေ၏။ မအေးက မောင်တင်အကြောင်းကို ဆီး၍မေးလေ၏။ မတွေ့ကြောင်း သိရသောအခါ လုံးလုံးကြီး စိတ်ပျက်လေ၏။ မအေးမှာ ထိုနေ့နံနက်သည် ကျားစာ အကျွေးခံရမည့် ရာဇဝတ်သားကဲ့သို့ ဖြစ်၍ နေရှာလေတော့သတည်း။

## အခန်း [ ၂ ]

မင်္ဂလာအရေးကိစ္စသည် ပြီးစီးခြင်းသို့ ရောက်လေ၏။ မအေးမှာ မိဘများ စိတ်နှလုံးသာကြည် ချမ်းမြေ့စိမ့်သောငှာ သဘောထားပြီးလျှင် ရွှင်ပျသော အမူအရာကို ဆောင်ရလေ၏။

မအေးမှာ တထိတ်ထိတ် တလန့်လန့်နေလေ၏။ ထိုနေ့ဧည့်သည်တွေ ပြန်မှာကိုသာ စိုး၍နေလေ၏။ အကြောင်းမူကား ဧည့်သည်တွေ ပြန်ကြလျှင် မိမိသည် ကျားသံချိုင့်သို့ ဝင်ရတော့မည်ဟု တွေးထင်ထိတ်လန့်၍နေလေ၏။ သားနားသော ရွှေရောင်တောက်သော ကြေးခုတင်ကြီးကို ကျားလှောင်သော သံချိုင့်ကြီးဟု မအေး၏စိတ်၌ မှတ်ထင်၍နေလေ၏။ နေမွန်းလွဲအချိန်လောက်တွင် ဧည့်သည်များ တစ်ယောက်ပြီးတစ်ယောက် ထွက်၍သွားကြလေရာ စကားအပြောသန်သော ရဟန်းလူထွက် အယ်ဒီတာစာပြင်ဆရာကြီးတစ်ယောက်သာ ကျန်ရစ်လေရာ ၎င်းသည် လင့်ဝတ်ငါးပါး၊ မယားဝတ်ငါးပါးမှစ၍ လင်မယားတရားတွေ၊ အိမ်ထောင်မှု တရားတွေ၊ သားတရား၊ သမီးတရားတွေကို လေမပြတ်ဘဲ ချိုချဉ်ခဲဖွယ်တို့ကို စားကာ၊ မြည်းကာ ပြောဟောလျက် ကျန်ရစ်လေ၏။

မအေးမှတစ်ပါး အခြားအိမ်သားများနှင့် ရင်းနှီးသူတို့က တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ မျက်စပစ်ကာ မျက်ေ ဗာင်းထိုးကာ သိပ်ခွကျတဲ့ဆရာကြီးပဲ၊ အရိပ်သုံးပါးနားမလည်၊ ချေသူငယ် ကျားစာဖြစ်

mgyoe.com

mgyoe.com

ဆိုတာ ဒါကြီးမျိုးပဲ စသည်ဖြင့် ကျိတ်ကာ ကဲ့ရဲ့ ပြောဆိုကြလေ၏။

မင်္ဂလာဆောင် သတို့သား အဘိုးကြီး ဦးဘိုးအိုကလည်း မှန်ပါတယ်။ ဆရာပြောတာ အင်မတန်သဘောကျစရာကောင်းပါတယ် စသည်ဖြင့် ထောက်ခံရသော်လည်း ဆရာကြီး သိလောက်အောင် မကြာမကြာ သမ်းဝေ၍ ပြလေ၏။ နားထောင်ရာမှာ ညောင်းညာသော အမူအရာနှင့်ထ၍ လမ်းလျှောက်လေ၏။ မအေးသည်



ကား ဘာတွေကို ဟောမှန်းမသိသော်လည်း တရားဟောရပ်မှာ စိုးလှသဖြင့် တရားတစ်ပုဒ်ဆုံးတိုင်း ဟောပါဦး ဆရာကြီးရဲ့၊ နားထောင်ကောင်းလွန်းလို့ပါဟူသော စကားဖြင့် အားပေးလေ၏။ စားစရာ၊ သောက်စရာတွေကို ပြင်ဆင်၍ ပေးလေ၏။ မခံမရပ်နိုင်သော မင်္ဂလာဆောင်သတို့သား ဦးဘိုးအိုက မအေးလုပ်ပုံကို သဘောမကျသော အမူအရာဖြင့် မကြာမကြာ မအေးကို စိန်းစိန်းကြည့်လေ၏။

အတော်နေစောင်းသဖြင့် ဆရာကြီးပြန်တော့မည်ရှိသောအခါ မအေးက "ဆရာကြီး မပြန်ရသေးဘူး။ ကျွန်မတို့ သင်စရာ၊ တတ်စရာတွေ အများကြီး ကျန်ပါသေးတယ်။ ညစာ စားပြီးမှ ကြွပါ။ ဆက်ပြီး ဟောပါဦး" ဟု တောင်းပန်လေ၏။ ဦးဘိုးအိုက လုပ်သံကြီး အောအောနှင့် "တော်ပါစေတော့ အေးရယ်။ မောပါပြီကွယ်"ဟု ပြောလေ၏။ ဆရာကြီးကမူကား ဆက်၍ဟောဦးမည် ပြုလေရာ အခြားသော သူများက "တော်ပါစေတော့။

mgyoe.com

mgyoe.com


အားနာပါတယ်။ ကိုင်း ဆရာကြီး ကြွပေတော့။ ကြွပေဦးတော့။ နောက်လည်း တပည့်များကို သင်ပြဆုံးမပါဦး။ အခုလောက် ကြားရတာအများကြီး အကျိုးများပါပြီ”စသည်ဖြင့် ပြောဆို၍ လွှတ်ကြရလေ၏။

မအေးကမူကား ဆရာကြီးသွားသည်အတွက် အများကြီး မကျေမချမ်းဖြစ်ကာ သံချိုင့်ထဲ လွယ်ကူစွာ မရောက်ရအောင် အဘယ်ပုံဉာဏ်ဆင်ရပါ့မလဲ ဟူ၍သာ ကြံစည်၍ နေလေ၏။ နေမကောင်းဟန်ဆောင်လျှင် ဦးဘိုးအို ကိုယ်ဖိရင်ဖိလာ၍ ပြုစုလိမ့်မယ်။ ကိုယ်ဖိရင်ဖိပြုမှ သာလွန်ကြောက်မက်ဖွယ် ကောင်းမည်ဟု စဉ်းစားမိသဖြင့် နေမကောင်းဟန်မဆောင်ဝံ့ဘဲ နေ လေ၏။ မအေး၏စိတ်၌ အဘိုးကြီးနှင့် အနီးကပ်ဆုံး နေရထိုင်ရမှာကိုပင် ကြောက်ရွံ့၍ နေရှာလေ၏။ အဘိုးကြီးကလည်း မအေး၏စိတ် အဘယ်ပုံရှိသည်ကို အကဲခတ်လျက်သာ နေလေ၏။ မိမိအား မအေးအဘယ်မျှလောက်မုန်းထားရွံရှာသည်ကို သိလေ၏။ သိလေလေ သာ၍မုန်းဖွယ်ရာဖြစ်သောအမူအရာတို့ကို တမင်ဆောင်လေလေဟု မှတ်ထင်ဖွယ်ရာ ဖြစ်လောက်အောင် ပြုမူလေ၏။

မအေးသည် အိပ်ခန်းထဲသို့ မဝင်ဘဲ နေလေ၏။ အဘိုးကြီးသည်ကား မငြိမ်မသက်ဖြစ်ကာ အိမ်ပေါ်၌ ရှိုးရှိုးရွရွ ထိုင်ချည်၊ သွားချည်၊ လျှောက်ချည်ဖြစ်၍နေလေ၏။ အိမ်၌ရှိသူများက အရိပ်အကဲကို သိကြသဖြင့် မအေးအား အဘိုးကြီးနှင့် စကားစမြည် ပြုံးပြုံးရွှင်ရွှင် ပြောဆိုဖို့ရန် အားပေးနားချကြလေ၏။ မအေးသည်ကား ရှက်ကိုးရှက်ကန်းဖြစ်ကာ စကားမပြောဘဲ နေလေ၏။

အဘိုးကြီးလည်း စိတ်လက်များစွာ မသာမယာသော အမူအရာနှင့် မြို့ဘက်ကို သွားဦးမည်ဟုပြောပြီး ထွက်၍သွားလေရာ မအေးမှာ အဘိုးကြီး စိတ်ဆိုးသွားပြီ၊ ပြန်လို့တော့ လာမှာမဟုတ်ဘူးဟု အောက်မေ့ကာ အားရဝမ်းသာ အခန်းထဲ ပြေး၍ဝင်လေရာ မသီတာက လိုက်၍ သွားလေ၏။ မအေးသည်ကား ပြုံးကာရယ်ကာနှင့် ကြိုးဟန်ပါအောင် က၍နေလေ၏။ ပြီးသောအခါ မသီတာကို ပြေး၍ဖက်ကာ “အဒေါ်ရဲ့ ကိုတင်ကို တွေ့အောင်

mgyoe.com

mgyoe.com


မရှာနိုင်တော့ဘူးလား။ အချိန်ရှိပါသေးတယ်။ ယခုအနေမျိုးပေါ်လာရင် သိပ်ကောင်းမှာပဲ။ အခုလက်မတင်လေး ....”



“မတွေ့ဘူး တူမကြီး။ မောင်တင်ကို တွေးမနေနဲ့တော့။ တူမမြင်တာ တကယ်မှန်ရင် သာပြီး စိတ်နာစရာပေါ့။ ရောက်လျက်နဲ့ မလာတဲ့လူကို မက်နေရသေးလား။ တူမမြင်တာဟာ တကယ်ဟုတ်ရင် သူလာပြီး ချော့မှာပဲ။ အေးအေးသာနေပါ။ အဘိုးကြီး သနားဖို့ ကောင်းပါတယ်။ မျက်နှာငယ်ငယ်နဲ့ ဆင်းသွားရှာတယ်။ အဒေါ်ဖြင့် သနားပါတယ်။ တူမလုပ်တိုင်းခံမယ့် အဘိုးကြီး တူမရဲ့။ အင်မတန် သဘောကောင်းမယ့် လက္ခဏာပဲ”

“ကျွန်မ သူ့ကို ဘယ်လိုလုပ်ဖို့မှ စိတ်မကူးလို၍ ခက်တာပဲ”

“တူမ မသနားဘူးလား”

“ကျွန်မ နည်းနည်းမှ မသနားဘူး။ ကျွန်မအနားများ ကပ်လာရင် ဆူမှာပဲ”

“မလုပ်ပါနဲ့ တူမရယ်။ ရှက်ကိုးရှက်ကန်းနဲ့ ထွက်သွားမှဖြင့်။ တူမဆိုးချင်တိုင်း ဆိုးရမှာ။ ဒီလိုနေရာမျိုးမှာ တူမရယ် လူချင်းလဲပြလိုက်ချင်ပါရဲ့”

“ဒီလိုဖြင့် ညကျတော့ ခုတင်ပေါ်မှာ အဒေါ်တက်ပြီး အိပ်နေပါလား။ ကျွန်မဓာတ်မီးကိုဖျက်ပြီး မှောင်ကျအောင် လုပ်ထားလိုက်မယ်လေ။ အဲဒီတော့ သက်ကြားကြီး ကမ္ဗားရှုးထိုးအရှိန်နဲ့ ဝင်လာပြီး ဘယ်သူမှန်း ဘယ်ဝါမှန်းမသိဘဲ ကမန်းကတန်းနဲ့ ....”

“အမယ်လေးလေးတော်။ မလုပ်ပါနဲ့အေ။ ကျွန်ဝယ်ရာ အဆစ်ပါသလို အဆစ်ဖြင့် မပါပါရစေနဲ့။ အစစ်ဆိုရင်တော့ ငွေသာ အခုပါပါစေ။ ဘာကြီးပဲလာလာ သဘောကြီးကြီး သည်းခံနိုင်ပါတယ်”ဟုပြောပြီး မအေးအား သည်းညည်းခံဖို့ အမျိုးမျိုး နားချလေ၏။

mgyoe.com

mgyoe.com


မအေးလည်း တစ်စုံတစ်ရာမျှ ပြန်မပြောတော့ဘဲ နားထောင်၍ သာ နေရှာလေတော့သတည်း။

## အခန်း [ ၃ ]

ထိုနေ့ညဉ့် မအေးသည် အားလုံးက တရားချကြသဖြင့် ရေမိုးချိုးပြီး ဖြီးလိမ်းခါ မွေးကြိုင်သန့်ရှင်းသောကိုယ်ကို အိပ်ရာ၌ လှိမ့်တင်ပြီး တစောင်းခွေလျက် အဘိုးကြီးကို မျှော်၍နေရလေ၏။

သို့စောင့်မျှော်သော်လည်း ကိုတင်လာလိမ့်မည်ဟူသော မျှော်လင့်ခြင်းမှာ မပျောက်ပျက်သဖြင့် ယနေ့ညအဘိုးကြီး စိတ်ဆိုးပြီး ပြန်မလာဘဲ နေပါစေဟူ၍သာ ဆုတောင်း၍ နေလေ၏။ မိဘနှစ်ပါးတို့သည်ကား အတွင်းခန်း၌ မောပန်းကာ အိပ်ပျော်၍နေကြလေ၏။

ထိုအခါ အတော်ညဉ့်နက်လေ၏။ အိမ်ခေါင်းရင်း ပြတင်းပေါက်မှ အေးချမ်းသော လေပြေသည် ဇော့ဝင်ကာ မအေး၏ ကိုယ်ကိုပွေ့ရစ်ကာ ဗလက္ကာရဇော့ရမ်း ကစားလေ၏။

အခုအနေ ကိုတင်များလာရင် ငါလိုက်သွားမှာပဲ။ ကိုတင်ဘာပြုလို့ မလာပါလိမ့်မလဲ။ ငါမြင်ရတာဟာ ကိုတင်မှ ဟုတ်ပါ့မလား။ ကိုတင်ရဲ့ ဘာဖြစ်လို့ မလာရတာလဲ။ အေးကို ဘာပြု၍ ဒီလောက် စိတ်နာရဝဘတုန်း။ အခုအိပ်ရာခုတင်တွင် ပြင်ဆင်လို့ပြီးပါပြီ ကိုတင်ရဲ့။ အေးဖြင့် အဘိုးကြီး ရင်ခွင်သို့ ရောက်ရပါတော့မယ်။ ဒီအဘိုးကြီးဟာ သန်ကသန်မှာပါဘိသနဲ့။ အေးကိုဖြင့် ချမ်းသာပေးတော့မှာ မဟုတ်ဘူး။ အေး ..မကြာမီ ကျားစာဖြစ်ရပါတော့မယ် ကိုတင်ရဲ့။ အေးကိုလာပြီး မကယ်တော့ဘူးလား စသည်ဖြင့် တွေးတောတမ်းတ၊ အိပ်မက်ပမာထင်ရ၊ မြင်ရသော ချစ်သူကိုသာ နှမ်းလျကြုံလှီကာ တွေးခေါ်၍ နေလေသတည်း။

ထိုကဲ့သို့နေသောအခိုက်တွင် အိမ်ရှေ့မှ ခွေးဟောင်သံများကို ကြားရလေ၏။ အိမ်အောက်ထပ်၌စောင့်၍ နေသူများ၏ လှုပ်ရှားသံများကို ကြားရလေ၏။

mgyoe.com